http://www.dhammadownload.com

သူတော်ကောင်းတရားများ

သိရှိနားလည်ကျင့်ကြံပွားများနိုင်ကြ၍

မွေး အို နာ သေ ကြောင်း ဆင်းရဲအပေါင်းမှ

လွတ်မြောက်ရာ မြတ်နိဗ္ဗာန်၏

အထောက်အပံ့ ဖြစ်ကြပါစေ ...

ဦးသင်းအောင် + ဒေါ်စန္ဒာဝင်းအောင်

(သမီး)မပိုင်းပိုင်းပြည့် (သား)မောင်ထိန်လင်း

မိသားစုမှ လှူဒါန်းပါသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ။

http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

# ရှာဖွေခြင်း နှင့် ရရှိခြင်း

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ ( Ph.D )

http://www.dhammadownload.com

# "ရှာဖွေခြင်း နှင့် ရရှိခြင်း"

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

တရားအလှူတော် မှတ်တမ်း

# "ရှာဖွေခြင်းနှင့် ရရှိခြင်း"

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊
ပြာသိုလပြည့်ကျော် ၁၀-ရက်
(၂၉-၁-၂၀၁၁)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊
ကျောက်မြောင်း သီတာလမ်း၊ (၅၅)ကြိမ်မြောက်
သီဟာလသူငယ် ဝါတွင်းဝါပ ဆွမ်းလောင်းအသင်း၏
ဓမ္မပူဇာ ဓမ္မသဘင်အခမ်းအနား၌
ဟောကြားတော်မူသည်။

http://www.dhammadownload.com

# "ရှာဖွေခြင်း နှင့် ရရှိခြင်း"

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

တရားအလှူတော် မှတ်တမ်း

# "ရှာဖွေခြင်းနှင့် ရရှိခြင်း"

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊
ပြာသိုလပြည့်ကျော် ၁၀-ရက်
(၂၉-၁-၂၀၁၁)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊
ကျောက်မြောင်း သီတာလမ်း၊ (၅၅)ကြိမ်မြောက်
သီဟာလူငယ် ဝါတွင်းဝါပ ဆွမ်းလောင်းအသင်း၏
ဓမ္မပူဇာ ဓမ္မသဘင်အခမ်းအနားၗ
ဟောကြားတော်မူသည်။

http://www.dhammadownload.com

# "ရှာဖွေခြင်း နှင့် ရရှိခြင်း"

"ရှာဖွေခြင်းနှင့် ရရှိခြင်း" - လောကလူသားတွေအနေနဲ့ပြောရရင် လူ့ဘဝရလာတဲ့အချိန်က စပြီး လူတိုင်းလူတိုင်းဟာ ရှာဖွေမှုတွေ ရှိကြတယ်၊ ရှာဖွေမှုအားလျော်စွာ ရရှိလာကြတယ်၊ ရှာဖွေခြင်းဆိုတာနဲ့ ပတ်သက်လာလို့ရှိရင် ဘုန်းကြီးတို့တစ်တွေ ကိုယ့်ဖာသာဆန်းစစ်ပြီးတော့ ကြည့်၊ "တို့ နေ့စဉ်နဲ့အမျှ ရှာနေကြတယ်၊ ဘာတွေရှာနေကြတာလဲ၊ သူတော်စဉ်သူတော်မြတ်ပုဂ္ဂိုလ်တွေလည်း ရှာနေကြတာပဲ၊ သူတို့ရော ဘာတွေရှာကြတာလဲ၊ တို့ရှာတာနဲ့ ကွဲလွဲမှုရှိသလား" လို့ အလေးအနက် ဆင်ခြင်စဉ်းစားပြီး ကြည့်သင့်တယ်ပေါ့။

သာမန်အားဖြင့် ကြည့်မယ်ဆိုရင် လူ့ဘဝရောက်လာသူတိုင်း ရှာတယ်၊ ဘာရှာလဲ? ငယ်ရွယ်

http://www.dhammadownload.com



စဉ်အခါကာလမှာ ပညာရှာတယ်လို့ ပြောကြတယ် ပေါ့၊ ကျောင်းသွားပြီးတော့ ပညာဆည်းပူးကြတယ်၊ ပညာရှာကြတယ်၊ ပညာတတ်လို့ ဘွဲ့ရလာတဲ့အခါ တစ်ခါရှာရပြန်တယ်၊ ဘာတွေ ရှာပြန်တုန်း၊ အလုပ် ရှာတယ်၊ အလုပ်ရှာတယ်ဆိုတာ ဘာကို ရှာတာ တုန်းဆိုရင် ပိုက်ဆံရှာတာ၊ ငွေကြေးနေရှာတာပဲ။

အဲဒီလိုနဲ့ ရှာရင်းရှာရင်းနဲ့ပဲ ဘဝတစ်ခုဟာ အဆုံးသတ်သွားပြန်တယ်၊ လူ့ဘဝကို ဆင်ခြင်သုံးသပ် ကြည့်ရင် ဒီအတိုင်းပဲ မြင်ရမှာပဲ၊ ကိုယ့်ဘဝ ကိုယ် ဆင်ခြင်သုံးသပ်ဖို့ လိုအပ်တယ်ပေါ့၊ "တို့ ဘာတွေ ရှာ နေတာတုန်း၊ ဒီရှာဖွေမှုဟာ ဘယ်တော့မှ အဆုံးသတ် မှာလဲ"။

လူတွေသာ မကဘူး, တိရစ္ဆာန်တွေလည်း ရှာ တာပဲ၊ မနက်မိုးလင်းတာနဲ့ တစ်ပြိုင်နက် သူတို့လည်း အငြိမ်မနေနိုင်ဘူးလေ၊ ငှက်ကလေးတွေဆိုရင် ကောင်းကင်မှာ အတောင်ဖြန့်ပြီး ပျံကြတယ်၊ ရှာတာ ပဲ၊ ဘာရှာတာတုန်း? အစာရှာကြတယ်၊ အစာဝလို့ ပြန်လာတဲ့အခါကျတော့လည်း ရှာရပြန်တယ်၊ ဘာ

http://www.dhammadownload.com



ရှာတာတုန်း? ည အေးအေးဆေးဆေး အိပ်စက်အနားယူဖို့ အိပ်တန်းရှာရပြန်တယ်၊ သူတို့လည်း ရှာတာပဲ။

လူတွေနဲ့အနီးစပ်ဆုံးဖြစ်တဲ့ တိရစ္ဆာန်လေးတွေပဲ ကြည့်၊ ရှာနေကြတာပဲ၊ ကျွေးမွေးတဲ့သူရှိရင် တော်သေးရဲ့၊ ကျွေးမွေးတဲ့သူ မရှိရင်တော့ ဟိုအမှိုက်ပုံးနှိုက် ဒီအမှိုက်ပုံးနှိုက် ရှာနေကြတာပဲ၊ လူတွေလည်း ရှာကြရတယ်၊ တိရစ္ဆာန်တွေလည်း ရှာကြရတယ်၊ အားလုံးဟာ ရှာနေကြတယ်။

အဲဒီရှာဖွေမှုအားလုံး သရုပ်ခွဲပြီးကြည့်၊ ဘုန်းကြီးတို့တစ်တွေဟာ ရှာသင့်တာကို ရှာနေတာလား၊ မရှာသင့်တာတွေကို ရှာနေတာလား? သို့မဟုတ် တို့ရဲ့ရှာဖွေမှုဟာ ဘယ်တော့အဆုံးသတ်မယ့်ရှာဖွေမှုလဲ၊ အဆုံးသတ်ရှိတဲ့ ရှာဖွေမှုလား၊ အဆုံးမသတ်တဲ့ရှာဖွေမှုလားလို့ မြတ်စွာဘုရား ဟောကြားထားခဲ့တဲ့ ဒေသနာတော်တွေနဲ့ တိုက်ဆိုင်ပြီးတော့ ရှာဖွေခြင်းကို လေ့လာသုံးသပ်ကြည့်သင့်တယ်ပေါ့။

http://www.dhammadownload.com



**မဇ္ဈိမနိကာယ်**မှာ မြတ်စွာဘုရားဟောထားတဲ့ သုတ်တစ်သုတ် ရှိတယ်၊ မြန်မာနိုင်ငံ ဆဋ္ဌသံဂါယနာမူ ကမ္ဘာအေးကထုတ်ဝေတဲ့ ပိဋကတ်ထဲမှာ **ပါသရာသိ သုတ်** လို့ ဖော်ပြထားတယ်၊ **"ပါသရာသိ"** ဆိုတာ "ကျော့ကွင်းပုံ"၊ ကျော့ကွင်းနဲ့ဥပမာပေးပြီး ဟောထား လို့ ကျော့ကွင်းအပုံ, ကျော့ကွင်းအစုအဝေးလို့ ဒီလို နာမည်ပေးထားတယ်၊ သို့သော် တခြားနိုင်ငံတွေမှာ ရိုက်တဲ့မူတို့, မြန်မာအက္ခရာစာလုံးက Roman စာလုံး ပြောင်းထားတဲ့စာမူတွေမှာတော့ **"ပါသရာသိ"** ဆိုတဲ့ သုတ်ကို **"အရိယပရိယေသနသုတ်"**လို့ ဖော်ပြတယ်။

အဲဒီသုတ်ကို အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါ **"အရိယပရိယေသန"**၊ **"အရိယ"**ကို Noble လို့ ပြန် ပြီးတော့ **"ပရိယေသန"** ကျတော့ Quest လို့ ပြန် တယ်၊ Noble Quest မြင့်မြတ်သောရှာဖွေခြင်းလို့ ဒီလိုအဓိပ္ပါယ်ရတယ်၊ "အရိယပရိယေသန" Noble Quest? အဲဒါရဲ့ ဆန့်ကျင်ဖက် ရှာဖွေခြင်းကျတော့ **"အနရိယပရိယေသန"** Ignoble Quest, Noble Quest နဲ့ Ignoble Quest ဒီလို အင်္ဂလိပ်လိုပြန်တဲ့စာအုပ်တွေ

http://www.dhammadownload.com



မှာ ရေးထားတယ်၊ ဒါ အင်္ဂလိပ်လိုလေ့လာတဲ့ပုဂ္ဂိုလ်တွေ မြန်မာစာမူကို ဖတ်မယ်ဆိုရင် **အရိယပရိယေသနသုတ်**ဆိုတာ မတွေ့ဘူးလို့ ဖြစ်မှာစိုးလို့၊ **အရိယ-ပရိယေသနသုတ်**ကို **ပါသရာသိသုတ်**လို့ ခေါ်တယ်၊ မြန်မာစာမူမှာ ပါသရာသိသုတ်လို့ ဒီလိုအမိပ္ပါယ် ရှိတယ်။

နောက်တစ်ခါ **အင်္ဂုတ္တရနိကာယ်**မှာ **"ပရိ-ယေသနသုတ်"** ဆိုပြီး ဟောထားတာ ရှိတယ်၊ မြန်မာလူမျိုးတွေက ဒီစကားလုံးကို သုံးတယ်၊ "ပရိ-ယေသနဝမ်းစာ"လို့၊ မြန်မာစာပေထဲမှာ ပရိယေသနဝမ်းစာ ရှာမှီးရတယ်လို့ဆိုတဲ့ အသုံးလေး ရှိတယ်၊ ဝမ်းစာရှာတာသာ ပရိယေသန မဟုတ်ဘူး၊ ဘာရှာရှာ ရှာတာမှန်သမျှ ပရိယေသနပဲ၊ သို့သော် မြန်မာလူမျိုးတွေက အသုံးများတာကိုကြည့်ပြီး တစ်ခါတလေအမိပ္ပါယ်က တစ်ခုတည်း ဖေါ်ပြတာ ဖြစ်နေတယ်၊ ပရိယေသနဝမ်းစာ ဆိုတာကို ကြည့်ပြီး "ပရိယေသန" ဆိုတာ ဝမ်းစာလို့ ဒီလိုထင်နေကြလိမ့်မယ်၊ မဟုတ်ဘူး။

http://www.dhammadownload.com



"ပရိယေသန" ဆိုတာ ရှာမှီးခြင်းပဲ၊ ခုနက ပြောခဲ့တဲ့ စားဝတ်နေရေးနဲ့ ပတ်သက်ပြီး ရှာတယ်၊ အသိပညာတွေ ရှာတယ်၊ တရားဓမ္မ ရှာတယ်၊ ရှာဖွေတာအားလုံးဟာ ရှာမှီးခြင်းပဲ၊ ဗဟုသုတရှာတာ လည်း ရှာတာပဲ၊ ရှာဖွေခြင်းတွေအားလုံးကိုပဲ "ပရိ-ယေသန" လို့ ပါဠိစကားလုံးမှာ ဒီလိုသုံးတယ်။

တစ်ခါတစ်ရံကျတော့ **"ပရိယေသန"** ဆိုတဲ့ စကားလုံးအစား **"ပရိ"** တို့ **"ယ"** တို့ကို ဖြုတ်ပြီး တော့ **"ဧသန"** လို့လည်း သုံးတယ်၊ **"ဧသန"** ဆိုတာ လည်း ရှာတာပဲ၊ ပါဠိစာပေမှာ တခြားစကားလုံးတွေ လည်း ရှိတယ်ပေါ့၊ သို့သော် ဒီစာပေအသုံးအနှုန်း တွေအားလုံးက ရှာဖွေခြင်း၊ အင်္ဂလိပ်လို Quest လို့ပဲ ဖြစ်တယ်၊ အဲဒီတော့ ရှာဖွေခြင်းနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားဟောကြားထားတာ အလွန်မှတ်သား ဖို့ ကောင်းတယ်။

ဘုန်းကြီးတို့တစ်တွေ ရှာဖွေခြင်းနဲ့ ပတ်သက် ပြီးတော့ ဒါ "တို့ရှာနေတာ ဘယ်လိုအတန်းအစား တွေလဲ၊ တို့ ဘာတွေရှာရမလဲ၊ တို့ရှာတာက ရှာသင့်

http://www.dhammadownload.com



တာကို ရှာတာလား၊ သို့မဟုတ် တို့ရှာတဲ့ရှာဖွေမှုဟာ မှန်မြတ်တဲ့ရှာဖွေမှုလား၊ မမှန်မြတ်တဲ့ရှာဖွေမှုလား" ဆိုတာ မသိသင့်ဘူးလား၊ သိသင့်တယ်နော်၊ ဒီလို မစူးစမ်း မလေ့လာဘူးဆိုရင် လူဖြစ်လာလို့ရှိရင် ရှာ တာပဲ၊ ကိုယ်လိုချင်တာ ရှာကြတာပဲ၊ ရှာပြီးရင် ဘာ မသိ ညာမသိနဲ့ တစ်ဘဝ ဆုံးသွားပြန်ရော၊ ဘယ် ဘဝရောက်ရောက် ရှာနေဦးမှာပဲ၊ အဆုံးမသတ်တဲ့ ရှာမှီးခြင်း၊ "ကိုယ်ရှာမှီးနေတာ မြင့်မြတ်တဲ့ ရှာမှီး ခြင်းလား၊ မမြင့်မြတ်တဲ့ ရှာမှီးခြင်းလား၊ အကျိုးရှိတဲ့ ရှာမှီးခြင်းလား အကျိုးမရှိတဲ့ ရှာမှီးခြင်းလား" လို့ စဉ်းစားဆင်ခြင်သင့်တယ်။

တရားပွဲတွေ ကျင်းပပြီးတော့ တရားနာကြ တယ်ဆိုတာ ကိုယ်သတိမထားမိတဲ့အချက်တွေ သတိ ထားမိလာအောင်၊ ကိုယ့်ဘဝမှာ အရာရာ ဆင်ခြင် စဉ်းစားတတ်လာအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ တရား နာရမယ်၊ အိမ်မှာ ပျင်းလို့ တရားပွဲ သွားနားထောင် လိုက်ဦးမယ်ဆိုတဲ့ အပျင်းပြေနာရတာမျိုး မဟုတ်ဘူး၊ တရားပွဲလာလို့ရှိရင် ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့

http://www.dhammadownload.com



တရားတွေကို တို့နာခွင့်ရတယ်၊ တရားနာပြီးတဲ့အခါ ဘဝနဲ့ စပ်ဟပ်ပြီးတော့ စဉ်းစားရမယ်၊ အဲဒီစဉ်းစားမှု ဆိုတဲ့ အသိဉာဏ်ဟာ အလွန်တန်ဖိုးရှိတယ်ပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားလက်ထက်က တပည့်သားရဟန်းတော်တွေကို ပြောကြားတဲ့စကားလေး တစ်ခုဟာ မှတ်သားသင့်တယ်၊ **"သုဿူသာ သုတဝဍ္ဎနီ"**၊ တရားပွဲတွေသွားပြီးတော့ တရားနာချင်တဲ့ စိတ် -သို့မဟုတ်- သင်တန်းတွေသွားပြီးတော့ သင်ယူချင်တဲ့စိတ်၊ သင်ယူချင်တဲ့ဆန္ဒ၊ **"သုဿူသာ"** ဆိုတာ **"သောတုံ + ဣစ္ဆာ = သုဿူသာ"**၊ ကြားနာခြင်းငှာ အလိုရှိတယ်၊ ကြားနာတယ်ဆိုတာ ပညာယူနေတာ၊ မှတ်ယူနေတာ၊ အဲဒီ ကြားနာခြင်းဟာတဲ့ "သုတ"ဆိုတဲ့ မှတ်သားစရာတွေ ကိုယ့်မှာ တိုးတက်လာတယ်၊ ဆင်ခြင်စရာတွေ တွေးတောစရာတွေ များပြားလာတယ်၊ အသိတွေ များလာတယ်၊ မကြားဖူးတာတွေ ကြားလာလို့ သုတတွေ များလာတယ်၊ **"သုဿူသာ သုတဝဍ္ဎနီ"** တရားနာလိုတဲ့ဆန္ဒ အလျောက် တရားပွဲရောက်လာတဲ့အခါကျတော့

http://www.dhammadownload.com



မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတွေကို ကြားနာရခြင်းဆိုတဲ့ သုတတွေ ရလာတယ်။

အဲဒီလို သုတတွေ ရလာတော့ ဘာဖြစ်လဲ၊ **"သုတံ ပညာယ ဝဍ္ဎနံ"**၊ ကြားနာလိုက်ရတဲ့အခါမှာ မြတ်စွာဘုရားဟောတဲ့တရား မှတ်သားထားလိုက်တယ်၊ နောက်တစ်ခါ ဟောသွားတဲ့အခါ တရားကို ထပ်မှတ်သားထားလိုက်တယ်၊ ဘုရားဟောတဲ့တရားတွေ ဒီလိုမှတ်သားပြီးတဲ့အခါကျတော့ ဘာတွေ တိုးပွားလာတုန်းဆို **"သုတံ ပညာယ ဝဍ္ဎနံ"**- အသိပညာတွေ တိုးပွားလာတယ်၊ ပညာဆိုတာ ဘာလုပ်ဖို့လဲ? ပညာဆိုတာ သဘာဝတရားတွေကို အမှန်သိအောင် စဉ်းစားတတ်တယ်၊ မြင်တတ်တယ်၊ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြားသိတယ်၊ အဲဒါကို ပညာလို့ခေါ်တယ်၊ သုတကို အခြေခံလိုက်တဲ့အခါ ကိုယ့်သန္တာန်မှာ Knowledge လို့ခေါ်တဲ့ ပညာတွေ ရလာတယ်။

အဲဒီပညာတွေ ရလာတဲ့အခါ ဘာလုပ်ရလဲဆိုတော့ **"ပညာယ အတ္ထံ ဇာနာတိ"** တဲ့၊ အဲဒီ

http://www.dhammadownload.com



Knowledge ဆိုတဲ့ ပညာတွေ ရလာတဲ့အခါ ဘဝရဲ့ အဓိပ္ပါယ်, ဓမ္မရဲ့အဓိပ္ပါယ်, လောကရဲ့အဓိပ္ပါယ်, ဘဝ ရဲ့အစစ်အမှန် သရုပ်သကန်တွေကို မြင်လာတယ်၊ ဒါတွေက ပညာမရှိရင် မမြင်ဘူးလေ။

ပညာမရှိရင် ဘာပဲသိတုန်း? စားဝတ်နေရေး လုံးပမ်းပြီးတော့ လူဖြစ်လာရင် စားစရာရှိရမယ်၊ အချိန်တန် စားရမယ်၊ ဒီလိုစားစရာဝတ်စရာ သာမန် ကိစ္စတွေပဲ သိတယ်၊ စားစရာ စားရတယ်ဆိုတာ လူ သာ သိတာ မဟုတ်ဘူး၊ တိရစ္ဆာန်လည်း သိတာပဲ။

အဲဒီတော့ သာမန်ကိစ္စကလေးတွေ မဟုတ်ဘဲ နဲ့ ဘဝရဲ့လေးနက်တဲ့အဓိပ္ပါယ်တွေကို သိလာတယ်၊ ဘဝရဲ့အနှစ်သာရကို သိလာတယ်၊ အကျိုးအမြတ် တွေကို စဉ်းစားတတ်လာတယ်၊ ဘာလုပ်သင့်တယ် ဘာမလုပ်သင့်ဘူးဆိုတာကို ပညာက ထောက်ပြလာ တဲ့အခါ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားပြီး သိ လာတယ်၊ အဲဒါကို ပြောတာ၊ **“ပညာယ အတ္တံ ဇာနာတိ”** တဲ့၊ လေးနက်တဲ့အဓိပ္ပါယ်တွေကို သိလာ တယ်။

http://www.dhammadownload.com



သိလာတဲ့အခါ ဘာဖြစ်တုန်းဆိုတော့ **"ဉာတော အတ္တော သုခါဝဟော"**၊ အဲဒီလို သိလာတဲ့ပုဂ္ဂိုလ်ဟာ အဲဒီလေးနက်တဲ့ အဓိပ္ပါယ်အတိုင်း မလုပ်သင့်တာကို ရှောင်တယ်၊ လုပ်သင့်တာကို လုပ်တယ်၊ ဘဝမှာ အပြစ်ကင်းအောင် နေတယ်၊ အပြစ်ရှိတာကို ရှောင်တယ်၊ အပြစ်ကင်းတာကို ဆောင်တယ်ဆိုတော့ ဘဝမှာ လုပ်သင့်တာတွေ လုပ်ပြီး မလုပ်သင့်တာတွေ ရှောင်သည့်အတွက်ကြောင့် ပြဿနာတွေ မကြုံတော့ဘဲနဲ့ လက်ရှိဘဝမှာလည်း အေးချမ်းသာယာမှု ရတယ်။

ဘဝတစ်ခုကို စိတ်နှလုံးအေးချမ်းစွာနဲ့ ကျော်ဖြတ်ပြီး ထိုဘဝရဲ့အဆုံးသတ်ဆိုတဲ့ ပန်းတိုင်ကို လှမ်းမြင်နိုင်တဲ့ အနေအထားမျိုး ရောက်သွားတယ်၊ ဘဝရဲ့ပန်းတိုင် နောက်ဆုံးနိဂုံးလို့ဆိုတဲ့, ဝဋ်ဆင်းရဲတွေရဲ့ အဆုံးသတ်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို တွေ့ရှိနိုင်တယ်လို့ ဒီလိုဆိုလိုတာ။

အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့တစ်တွေဟာ အခုလို တရားပွဲတွေကျင်းပပြီး တရားနာတာဟာ ပညာ

http://www.dhammadownload.com



ရဖို့ တရားနာကြတာပေါ့။ ရလာတဲ့ပညာကို အသုံးချပြီး ကိုယ့်ရဲ့နေ့စဉ်ဘဝနဲ့စပ်ဟပ်ပြီး ဆင်ခြင်စဉ်းစားဖို့တဲ့၊ အခုလည်း ဆင်ခြင်စဉ်းစားဖို့ရန် မြတ်စွာဘုရားဟောတဲ့တရားကို မှတ်သားကြရမယ်။

**ရှာဖွေခြင်းနှစ်မျိုး**

မြတ်စွာဘုရားက ရှာဖွေခြင်းနှစ်ရပ် ဆိုတာကို ဦးစွာဟောတယ်၊ ရှာဖွေခြင်းနှစ်ရပ်က ဘာလဲလို့ဆိုရင် **"အရိယပရိယေသန"** မြင့်မြတ်သောရှာဖွေခြင်း နဲ့ **"အနရိယပရိယေသန"** မမြင့်မြတ်သောရှာဖွေခြင်း၊ သို့မဟုတ် မြင့်မြတ်သူတို့ရဲ့ရှာဖွေခြင်းနဲ့ သာမန်ပုဂ္ဂိုလ်တို့၏ရှာဖွေခြင်းလို့ ရှာဖွေခြင်းနှစ်ရပ်၊ အဲဒီတော့ တို့တစ်တွေဟာ Noble Quest ဆိုတဲ့ မြင့်မြတ်တဲ့ ရှာဖွေခြင်းကို ရှာမှာလား၊ Ignoble Quest ဆိုတဲ့ မမြင့်မြတ်တဲ့ရှာဖွေခြင်းကို ရှာမှာလားဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ရမယ်၊ တို့ရှာဖွေနေတဲ့ နေ့စဉ်ရှာဖွေမှုတွေဟာ မြင့်မြတ်တဲ့ရှာဖွေမှုလား၊ သို့မဟုတ် မမြင့်မြတ်တဲ့ရှာဖွေမှုလား၊ တို့တစ်တွေ ရှာနေတာ

http://www.dhammadownload.com



တကယ့်တန်ဖိုးရှိတဲ့အရာကို ရှာတာလား၊ သို့မဟုတ် တန်ဖိုးမရှိတဲ့အရာကို ရှာတာလားလို့ ဆင်ခြင်သုံးသပ်ကြည့်ဖို့ပေါ့။

ကဲ မြတ်စွာဘုရားက ဟောပြီဆိုတဲ့အခါမှာ အားလုံး သတိထားကြည့်ဖို့ရာ ဘုရားက ဘယ်တော့မဆို "လုပ်ရမှာ" နဲ့ "မလုပ်ရမှာ" နှစ်မျိုးတွဲပြီး ဟောလေ့ရှိတယ်၊ အဲဒီလို လုပ်ရမှာနဲ့ မလုပ်ရမှာ-ဒီနှစ်ခုထဲမှာ ဘယ်ဟာက ပိုပြီး အရေးကြီးတယ်လို့ ထင်ကြလဲ၊ မလုပ်ရမှာက အရေးကြီးတာလား၊ လုပ်ရမှာ သိဖို့က အရေးကြီးတာလား။

မင်္ဂလသုတ်ကို ကြည့်ပြီး ပြောပြမယ်၊ မလုပ်ရမယ့်ဟာနဲ့ လုပ်ရမယ့်ဟာ ဘယ်ဟာက ပိုအရေးကြီးတုန်းဆိုတာကို မင်္ဂလသုတ်မှာကြည့်- "**အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ**" ဆိုတာ ပေါင်းသင်းဆက်ဆံရေးနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက မပေါင်းရမယ့်လူကို အရင်ပြောတာလား၊ ပေါင်းရမယ့်လူကို အရင်ပြောတာလား။

http://www.dhammadownload.com



မြတ်စွာဘုရားက မလုပ်ရမယ့်ဟာကို အရင်ပြောတယ်နော်၊ လုပ်ရမယ့်ဟာကို နောက်မှ ပြောတယ်၊ ဒါ သိပ်ပြီးတော့ reasonable ဖြစ်တယ်၊ အင်မတန်မှ သဘာဝကျတယ်၊ မလုပ်ရမယ့်ဟာကို မလုပ်မိဖို့က ပိုအရေးကြီးတယ်၊ လုပ်ရမယ့်ဟာကို မလုပ်မိတာက ခံသာသေးတယ်၊ မလုပ်ရမယ့်ဟာ လုပ်မိပြီဆိုရင်တော့ ပိုပြီးဒုက္ခရောက်တတ်တယ်၊ ဒါကြောင့်မို့ မပေါင်းသင့်တဲ့ပုဂ္ဂိုလ်ကို မပေါင်းမိဖို့က ပိုအရေးကြီးတယ်၊ ပေါင်းသင့်တဲ့ပုဂ္ဂိုလ်ကို မပေါင်းဖြစ်သေးတာက ဒီလောက် မဆိုးသေးဘူး။

လမ်းညွှန်တဲ့ပုဂ္ဂိုလ်တွေရဲ့ထုံးတမ်းအစဉ်အလာကို အဋ္ဌကထာက ရှင်းပြတယ်၊ အေး လမ်းညွှန်တာပဲ ကိုယ်ကြိုက်သလို ညွှန်လို့ ရတယ်၊ ဒါပေမယ့် စည်းမဲ့ကမ်းမဲ့ လမ်းညွှန်တာ မဟုတ်ဘူး၊ စည်းကမ်းတကျလမ်းညွှန်ရမယ်၊ လောကမှာ လမ်းညွှန်တတ်တဲ့ပုဂ္ဂိုလ်က လမ်းညွှန်မယ်ဆိုရင် ဘယ်လိုလမ်းညွှန်ရ မလဲ၊ "အေး ဒီကနေ မင်း တည့်တည့်သွားလိုက်၊ တည့်တည့်သွားရင် ရှေ့နားကျတော့ လမ်းနှစ်မွာတွေ့

http://www.dhammadownload.com



လိမ့်မယ်"၊ သူပြောရမှာ ဘာပြောရမတုန်းဆို **"ဘယ်ဘက်လမ်းကို မချိုးနဲ့၊ ညာဘက်လမ်းကို ချိုး"**၊ "မချိုးနဲ့" ဆိုတာ အရင်ပြောရမယ်၊ "ဘယ်ဘက်လမ်းကို မသွားနဲ့၊ ညာဘက်လမ်းကို သွား" ဆိုတာ ပြောရမယ်၊ "မသွားရမယ့်လမ်း" ကို အရင်ပြောရမယ်တဲ့၊ သွားရမယ့်လမ်းကို နောက်မှ ပြောရမယ်၊ ဒါက systematically လမ်းညွှန်တဲ့နည်းစနစ်။

အဲဒီလို စနစ်တကျလမ်းညွှန်တာလိုပဲ မြတ်စွာဘုရားကလည်း မလုပ်ရမယ့်ဟာနဲ့ လုပ်ရမယ့်ဟာဆိုရင် မလုပ်ရမယ့်ဟာက ပိုအရေးကြီးသည့်အတွက်ကြောင့် မလုပ်ရမယ့်ဟာကို အရင်ပြောတယ်ပေါ့။

ကြည့်လေ - ဘုရားအဆူဆူဟောခဲ့တဲ့ တရားကိုလည်း ကြည့်လိုက်ဦး၊ **"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ"** တဲ့၊ အဓိပ္ပါယ်က ဘာတုန်းဆို "အကုသိုလ်မှန်သမျှကို မလုပ်နဲ့"တဲ့၊ "ကုသိုလ်မှန်သမျှ ပြည့်စုံအောင် လုပ်"တဲ့၊ "မလုပ်နဲ့"ကို အရင်ပြောတယ်၊ အရေးကြီးတယ်ပေါ့၊ အဲဒါကြောင့် လမ်း

http://www.dhammadownload.com



ညွှန်တဲ့ပုဂ္ဂိုလ်တွေရဲ့နည်းစနစ်အတိုင်း မြတ်စွာဘုရားက သုံးတယ်။

ဘုရားက ညွှန်ပြတဲ့ပုဂ္ဂိုလ်သာ ဖြစ်တယ်၊ ကယ်တင်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးနော်၊ မ,တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ မ,တယ်ဆိုတာ အပြောသာ ရှိတာ, တကယ် မ,လို့ ရရဲ့လား၊ မရဘူးနော်၊ ထမ်းစင်ပေါ်တင် မ,ရင်တော့ ရတာပေ့ါ၊ အဲဒီလိုတော့ ရမှာပေ့ါ၊ လူတစ်ယောက် ကောင်းစားသွားအောင် မ,လို့ ရတာမှ မဟုတ်ဘဲ၊ နတ်ပြည်ရောက်အောင် မ,လို့ မရဘူး၊ နိဗ္ဗာန်ရောက်အောင် မ,လို့ မရဘူး၊ ဟုတ်ရဲ့လား။

ကိုယ်လုပ်မှ ကိုယ်ရတာ၊ မိဘတွေက သားသမီးကို ဘွဲ့ကြီးရအောင် မ,လို့ ရပ့ါမလား၊ မရဘူး၊ ကလေးက မကြိုးစားရင် မရဘူး၊ ဘာမှ မတတ်နိုင်ဘူး၊ ဘယ်လောက်ပိုက်ဆံတွေ ပုံပေးပေး Certificate တော့ ရချင် ရမယ်၊ ပညာတော့ ရမှာ မဟုတ်ဘူး၊ အဲဒါကြောင့်မို့ တကယ့်အနှစ်အရသာဆိုတာ ပေးလို့ ရတဲ့အရာ မဟုတ်ဘူး၊ ပေးလို့ မရဘူး၊ အဲဒီတော့ မ,လို့ မရဘူး၊ အဆုံးအမသာ ပေးနိုင်တယ်၊ လမ်းညွှန်

http://www.dhammadownload.com



မှုကို ပြတယ်ဆိုတာ၊ ဒါ အလွန်ကို သဘာဝကျတယ်၊ ဖြစ်နိုင်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့တရားတော်တွေဟာ သေချာကြည့်လိုက်မယ်ဆို တကယ်ဖြစ်နိုင်တယ်၊ လက်တွေ့အင်မတန်ကျတယ်၊ မြတ်စွာဘုရားရဲ့တရားအပေါ်မှာ ဘာသာစွဲ ပုဂ္ဂိုလ်စွဲလူမျိုးစွဲ ဘာမှအစွဲအလမ်းမရှိဘဲနဲ့ သေသေချာချာ ကြည့်၊ မြတ်စွာဘုရားရဲ့တရားဟာ နှစ်သက်စရာအကောင်းဆုံးပဲ၊ သိပ္ပံဆရာတစ်ယောက်က ပြောခဲ့တယ် မဟုတ်လား၊ "သူဟာ ဘယ်ဘာသာမှ မကိုးကွယ်ဘူး၊ မဖြစ်မနေ ဘာသာတစ်ခု ရွေးချယ်ရမယ်ဆိုရင် ဗုဒ္ဓဘာသာကို ပဲ ရွေးချယ်မယ်"ဆိုတာ၊ ဘာဖြစ်လို့တုန်းဆို စဉ်းစား ဉာဏ် ရှိလို့၊ စဉ်းစားဉာဏ် သုံးလို့ ရတယ်။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဟာ စဉ်းစားဉာဏ်နဲ့ ကိုးကွယ်ရတယ်၊ ကြည့်လေ - ဘုရားကိုယ်တိုင်က မဂ္ဂင်(၈)ပါးထဲမှာ "ငါပြောတဲ့အတိုင်း လုပ်လို့" ပါလား၊ မပါဘူးနော်၊ ဘာပြောထားတုန်း **"သမ္မာဒိဋ္ဌိ" Right understanding** အမှန်အတိုင်း နားလည်ရမယ်၊

http://www.dhammadownload.com



သို့မဟုတ် Right view မှန်မှန်ကန်ကန် မြင်ရမယ် လို့ပဲ ဟောထားတာနော်၊ မှန်မှန်ကန်ကန် မြင်ရတယ်ဆိုတာ ဘယ်သူ့အမြင်တုန်းဆို ကိုယ့်အမြင်ကို ပြောတာ၊ ဘယ်လောက် ကျေနပ်စရာကောင်းလဲ၊ မြတ်စွာဘုရားရဲ့တရားတော်ဟာ တကယ်လက်တွေ့ လည်း ကျတယ်၊ ဒီလိုဆိုတာ။

အေး ဒါကြောင့်မို့လို့ ဒီနေရာမှာ မြတ်စွာ ဘုရားက လမ်းညွှန်မှုကို ပေးတယ်၊ ရှာရမှာနဲ့ မရှာရမှာ၊ ဒီနှစ်ခုထဲမှာ မရှာရမယ့်ဟာကို **"အနရိယ ပရိယေသန"** အနေနဲ့ ဟောတယ်၊ ရှာရမယ့်ဟာကို **"အရိယပရိယေသန"**အနေနဲ့ ဟောတယ်၊ **"အနရိယ-ပရိယေသန"** ဆိုတာ Ignoble Quest မမြင့်မြတ်တဲ့ ရှာဖွေခြင်းတဲ့၊ ဘုန်းကြီးတို့တစ်တွေ ရှာနေတာကို ကြည့်။

**အနရိယပရိယေသန ၄-မျိုး**

မြတ်စွာဘုရားက မမြင့်မြတ်တဲ့ ရှာဖွေခြင်းဟာ ဘာတွေတုန်းဆိုပြီးတော့ (၄)မျိုး ခွဲပြထားတယ်၊

http://www.dhammadownload.com



**နံပါတ်(၁)က** မိမိကိုယ်တိုင်က အိုခြင်းသဘောကို မလွန်မြောက်နိုင်သေးခင်, မိမိမှာ အိုတတ်တဲ့သဘာဝ တရားတွေ ရှိပြီးတော့ ရှာတဲ့အခါမှာလည်း အိုတတ်တဲ့ ဆွေးမြေ့တတ်တဲ့ သဘာဝတရားတွေကိုပဲ ရှာနေတယ်တဲ့၊ မြတ်စွာဘုရား သုံးထားတဲ့စကားလုံးက **"အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ"** ကိုယ်ကိုယ်တိုင်က အိုခြင်းသဘော ရှိနေတဲ့ပုဂ္ဂိုလ် ဖြစ်ပါလျက် အိုခြင်းသဘောရှိတဲ့အရာတွေကိုသာ ရှာတယ်တဲ့၊ ဒါ တစ်ခု။

ဟုတ်မဟုတ် ကိုယ့်ဖာသာ စဉ်းစားကြည့်လေ၊ လူတစ်ယောက် လူ့ဘဝရောက်လာတဲ့အခါမှာ သူရှာတာကြည့် - ပစ္စည်းဥစ္စာရှာတယ်ဆိုတာ အလုပ်ရှာပြီး အလုပ်ကရတဲ့ငွေကို ရှာတယ်ဆိုတာ အဲဒီငွေဟာ ဆွေးမြည့်တတ်တဲ့ သဘောရှိ မရှိ၊ ရှိတယ်၊ အရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ပြုရမယ့်သူကို ရှာတယ်၊ အဲဒီလူက မအိုတဲ့သူလား၊ အိုတဲ့လူပဲ၊ ကိုယ်ကလည်း အိုခြင်းသဘော ရှိတယ်၊ ကိုယ်ရှာလိုက်တာလည်း အိုခြင်းသဘောရှိတာကိုပဲ ရှာတယ်၊

http://www.dhammadownload.com



ကိုယ်ရှာလိုက်တဲ့ ပစ္စည်းဥစ္စာမှန်သမျှဟာ subject to decay ဆိုတဲ့အတိုင်း ဆွေးမြည့်တဲ့သဘောတရားတွေချည်းပဲ၊ အကုန်လုံး အဲဒါတွေပဲ။

ကိုယ်ရှာသမျှ ပစ္စည်းတွေရော ကိုယ်ရှာသမျှ အိမ်တွေ တိုက်တွေ ကားတွေ အသုံးအဆောင် ပစ္စည်းမှန်သမျှ အကုန်လုံး subject to decay ချည်းပဲ၊ ပျက်စီးမယ့်အရာတွေချည်းပဲ၊ ဆွေးမြည့်သွားမယ့် အရာတွေချည်းပဲ၊ အဲဒီတော့ ကိုယ်ကလည်းပဲ အိုမယ်၊ ကိုယ်ရှာလိုက်တဲ့ဟာတွေကလည်း အိုမယ့်ဟာတွေချည်းပဲ၊ ပျက်စီးမယ့်ဟာတွေချည်းပဲ ရှာတယ် ဆိုတဲ့အဓိပ္ပါယ် မရောက်ဘူးလား၊ အဲဒါ နံပါတ် (၁)က အဲဒီလို မြတ်စွာဘုရားက ဖော်ပြထားတယ်။

နောက်နံပါတ် (၂)က **"အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံ ယေဝ ပရိယေသတိ"** - ကိုယ်ကိုယ်တိုင်က ဖျားနာခြင်း ဒုက္ခရောက်ခြင်း သဘောရှိနေသူ ဖြစ်ပါလျက် ဖျားနာတတ်တဲ့ ပျက်စီးတတ်တဲ့အရာတွေပဲ ရှာတယ်တဲ့။

http://www.dhammadownload.com



ဟုတ်တာပေါ့၊ ကိုယ်ရှာတဲ့ဟာတွေက အကုန်လုံး ပျက်စီးမယ့်ဟာတွေချည်းပဲ၊ ကိုယ်ကိုယ်တိုင်ကလည်း "ဗျာဓိ" နာမယ်၊ ထိခိုက်မယ်၊ ကိုယ်ရှာလိုက်တဲ့ဟာတွေကလည်း အကုန်လုံး နာမယ်၊ ထိခိုက်မယ်၊ တိုက်တွေ ဘာတွေဆို မီးလောင် ပါမသွားဘူးလား၊ ပါတာပေါ့၊ ကားတွေဘာတွေလည်း အားလုံး ပျက်စီးနိုင်တဲ့အရာတွေချည်းပဲ၊ "ဗျာဓိဓမ္မ" ထိခိုက်ပျက်စီးသွားနိုင်မယ့်အရာတွေချည်းပဲ တို့တစ်တွေ ရှာနေတယ်။

နောက် နံပါတ်(၃)က **"အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံ ယေဝ ပရိယေသတိ"**- မိမိကိုယ်တိုင်က သေခြင်းသဘောရှိသူ ဖြစ်ပါလျက် သေခြင်းသဘောရှိတဲ့အရာတွေကိုသာ ရှာဖွေနေတယ်တဲ့။

သက်ရှိသတ္တဝါလည်း သေတတ်တဲ့သဘော ရှိတယ်၊ ကိုယ်ရှာထားတဲ့ပစ္စည်းတွေကလည်း တစ်နေ့ကျ ပျက်စီးသွားမယ့်သဘော ရှိတယ်၊ ကိုယ်ကိုယ်တိုင်ကလည်း "မရဏဓမ္မ" သေခြင်းသဘော ရှိပြီးတော့

http://www.dhammadownload.com



ကိုယ်ရှာလိုက်တဲ့အရာတွေကလည်း အားလုံးဟာ ပျက်စီး ဆုံးရှုံး သေဆုံးရမယ့်အရာတွေချည်းပဲ။

နောက်ဆုံးတစ်ခုက **"အတ္တနာ သံကိလေသ-ဓမ္မော သမာနော သံကိလေသဓမ္မံ ယေဝ ပရိယေ-သတိ"** -ကိုယ်ကိုယ်တိုင်က ပူပန်တတ်တဲ့သဘော ရှိပြီး -သို့မဟုတ်- ညစ်နွမ်းတတ်တဲ့သဘော ရှိပြီး ပူပန်တတ်တဲ့သဘော ရှိတာတွေကိုပဲ ရှာတယ်။

ဒါကျတော့ တစ်ဖက်ကို ကြည့်မယ်ဆိုရင် လောကလူတွေဟာ မိသားစုနဲ့ အိမ်ထောင်ဖက်ကြ ရှာကြဖွေကြ လုပ်တာတွေ မှန်သမျှဟာ အကုန်လုံး ကိလေသာပွားဖို့တွေ၊ ကိလေသာဖြစ်တယ်ဆိုတာ ရိုးရိုးဖြစ်တာ မဟုတ်ဘူး၊ စိတ်နှလုံးပူပန်ရတဲ့ဟာ တွေပဲပေါ့၊ ကိလေသာတွေ မိမိသန္တာန်မှာဖြစ်ရင် စိတ်နှလုံးပူပန်တယ်၊ အဲဒီတော့ ကိုယ်ကိုယ်တိုင်က စိတ်နှလုံးပူပန်တတ်တဲ့သဘောရှိပြီး စိတ်နှလုံးပူပန် စရာတွေချည်းပဲ ရှာတယ်၊ အဲဒီလို အဓိပ္ပါယ်ရတယ်။

အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ နေ့စဉ်ရှာနေ တယ်ဆိုတာဟာ ဒီအထဲက လွတ်ရဲ့လား? မလွတ်

http://www.dhammadownload.com



ဘူးတဲ့၊ အဲဒီ ရှာဖွေမှု(၄)ရပ်ကို မြတ်စွာဘုရားက Ignoble Quest မမြင့်မြတ်တဲ့ရှာဖွေခြင်းလို့ ခေါ်တယ်၊ ကမ္ဘာမှာ သန်း(၆၀၀၀)ကျော်ရှိတဲ့လူတွေကို လိုက် ကြည့်လိုက်၊ ဒီအထဲပဲ ရှာနေကြတာ၊ ရှာတာတွေမှန်သမျှ ဒီအထဲချည်းပဲ အများစုက။

## အရိယပရိယေသန ၄-မျိုး

ကဲ Noble Quest မြင့်မြတ်သော ရှာဖွေခြင်းဆိုတာ ဘာကို ပြောတာလဲ၊ အဲဒီမှာလည်းပဲ မြင့်မြတ်သောရှာဖွေမှုဆိုတာ (၄)မျိုး ဆိုပြီး ဟောထားတယ်၊ မြင့်မြတ်တဲ့ရှာဖွေမှုက ဘာတုန်းဆို - **"အတ္တနာ ဇရာဓမ္မော သမာနော"** မိမိကိုယ်တိုင်က အိုမင်းရင့်ရော်ဆွေးမြည့်တတ်တဲ့သဘော ရှိလို့ **"ဇရာဓမ္မေ အာဒီနဝံ ဝိဒိတွာ"** အိုခြင်းတရားအပေါ်မှာ အပြစ်မြင်တယ်၊ အိုခြင်းတရားကို အပြစ်မြင်လာပြီး **"အဇရာ"** အိုခြင်းကင်းတဲ့ နိဗ္ဗာန်ကို ရှာတယ်တဲ့၊ နိဗ္ဗာန်ကျတော့ **"အဇရာ"** အိုရခြင်းမရှိတဲ့တရား ဖြစ်တယ်၊ အဲဒီအိုရခြင်း မရှိတဲ့အရာကို ရ

http://www.dhammadownload.com



အောင် ရှာတဲ့၊ ဆိုလိုတာကတော့ နိဗ္ဗာန်ချမ်းသာကို ရှာမှ Noble Quest ဖြစ်တယ်၊ ဒီလိုပြောတာ။

ဘာဖြစ်လို့တုန်းဆို သံသရာထဲမှာ ရှာနေတာ မှန်သမျှဟာ ဘယ်ဟာမှ အဆုံးသတ်မကောင်းဘူး၊ အိုခြင်း နာခြင်း သေခြင်း ဆိုတာက မလွတ်ဘူး၊ နိဗ္ဗာန်ကိုရှာလို့ နိဗ္ဗာန်ရမှ အိုခြင်း နာခြင်း သေခြင်း ဆိုတာက လွတ်တယ်လေ၊ နောက်ထပ်လည်း အို စရာ နာစရာ သေစရာဆိုတာ မရှိဘူး၊ ရှာဖွေခြင်း ဆိုတာလည်း အဆုံးသတ်နိုင်တယ်။

ခုနကဟာတွေ ရှာနေလို့ကတော့ ဘယ်တော့မှ အတောမသတ်ဘူး၊ မဆုံးနိုင်တဲ့ဘဝခရီးကို လျှောက် လှမ်းပြီးတော့ မဆုံးနိုင်တဲ့ရှာဖွေခြင်းနဲ့ ဘဝမှာ သွား နေကြတယ်၊ ရှာလိုက်တဲ့အရာတွေကလည်း ဘာမှ ထူးမခြားနားတွေ ရှာတယ်၊ အဲဒါကြောင့်မို့လို့ မြတ်စွာ ဘုရားက Ignoble Quest မမြင့်မြတ်သော ရှာဖွေ ခြင်းလို့ ဟောတယ်။

အေး - မြင့်မြတ်သောရှာဖွေခြင်းကျတော့ ကိုယ်တိုင်က အိုခြင်းသဘောရှိလို့ အိုခြင်းတရား

http://www.dhammadownload.com



အပေါ်မှာ အပြစ်မြင်တယ်၊ အပြစ်မြင်လို့ “ဇရာဓမ္မ” ဆိုတာ မရှာဘူးတဲ့၊ အိုခြင်းကင်းတဲ့နိဗ္ဗာန်ကို ရှာတယ်၊ အဲဒီလို အဆင့်မြှင့်ပြီးတော့ ရှာတယ်၊ ကိုယ့်ထက် အဆင့်မြင့်သွားတယ်။

မိမိကိုယ်တိုင်က အိုခြင်းသဘော ရှိတယ်၊ ကိုယ်ရှာတဲ့ဟာက အိုခြင်းသဘောမရှိတဲ့ဟာကို ရှာတယ်၊ ဘယ်လောက် အဆင့်မြင့်သွားတုန်း၊ ကိုယ့်ရှိတာ ရှာတာ မဟုတ်ဘူး၊ လူတွေက ရှာနေတာ ကိုယ့်ရှိတာကိုပဲ ရှာနေတဲ့အခိပ္ပါယ် ရောက်နေတယ်ပေါ့၊ အဲဒီတော့ တိုးမြင့်သွားတဲ့ရှာဖွေခြင်း မဟုတ်ဘူး။

“အရိယပရိယေသန” ဆိုတဲ့ Noble Quest ဆိုတာကမှ မြင့်သွားတဲ့ရှာဖွေမှု ဖြစ်တယ်၊ ဘာဖြစ်လို့လဲ၊ ကိုယ့်အဆင့်က “ဇရာဓမ္မ” အိုခြင်းသဘော ရှိတယ်၊ ကိုယ်ရှာတာကျတော့ “အဇရ” အိုခြင်းသဘော မရှိတဲ့အရာကို ရှာတယ်၊ မြင့်မားသွားတာပေါ့။

အဲဒီအတိုင်းပဲ မြတ်စွာဘုရားက ဟောတယ်၊ မိမိကိုယ်တိုင်က ဖျားနာခြင်း ဒုက္ခရောက်ခြင်း သဘောရှိတဲ့အခါ ဖျားနာမှု ဒုက္ခရောက်မှုအပေါ်မှာ

http://www.dhammadownload.com



အပြစ်မြင်ပြီးတော့ "ဗျာဓိ"ကင်းရာ နိဗ္ဗာန်ကို ရှာတယ်။

ဘုရားအလောင်း"သုမေဓာ" ပစ္စည်းဥစ္စာ တွေကြည့်ပြီး စဉ်းစားတဲ့အခါမှာ ဒါတွေ ထည့်သွင်းပြီး စဉ်းစားတယ်၊ "ငါ မအို မနာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ရှာမယ်၊ ဒါတွေက အိုမယ် နာမယ် သေမယ်ဆိုတဲ့အထဲက မလွတ်နိုင်ဘူး၊ ဒါတွေရဲ့လွတ်ရာဆိုတာ ရှိကို ရှိရမယ်"၊ ဘာဖြစ်လို့လဲ၊ "အပူရှိရင်အအေးရှိတယ်၊ ဒုက္ခရှိရင် သုခရှိတယ်၊ မကောင်းတာရှိရင် ကောင်းတာ ရှိရမယ်၊ ဘာဖြစ်လို့လဲဆိုတော့လောကမှာ အစုံလိုက် အစုံလိုက် အမြဲတွဲပြီးတော့နေတယ်၊ ရှိရမယ်" လို့ ဆုံးဖြတ်ချက်ချပြီးတော့ ရှာခဲ့တာ။

ဘုရားအလောင်းတော်ဟာ ရှာခဲ့တာ - ဘယ်တုန်းက စ,ပြီး ရှာခဲ့တာတုန်းဆို ဟိုး လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း အထက်ကတည်းက ရှာခဲ့တာပေါ့၊ သူကိုယ်တိုင် သိရှိလိုတဲ့အနေနဲ့ ရှာတာ၊ ရှာလိုက်တာ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ ဒီဘက်ရောက်

http://www.dhammadownload.com



တဲ့အခါကျတော့ ဒီတရားကို ဟောနိုင်တဲ့အဆင့်ကို ရောက်တယ်၊ နည်းတဲ့ကာလလား။

အဲဒီတုန်းက ဘာဖြစ်လို့ ဒီလောက်ကြာနေရ တုန်းဆို ရှာကြံတယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိနိုင်စွမ်း မရှိသေးလို့၊ ဘုန်းကြီးတို့တစ်တွေကျတော့ ဘယ်လိုရှာရမလဲဆိုတာ သိတာက ဘုရားဟောထားတဲ့တရားအရ သိတာ၊ ကြားဖူးနားဝရှိလို့ သိတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့မှ မဟုတ်တာ၊ ဘုရားဆီက နည်းယူပြီးတော့ ပြောကြတာလေ၊ ကိုယ်တိုင်တီထွင်တာ မဟုတ်ဘူးလေ၊ လေယာဉ်ပျံပိုက်ဆံပေးပြီး စီးတာလေ၊ အဲဒါတောင် မစီးနိုင်တဲ့သူက အများကြီးဖြစ်နေတယ်၊ အခုတရားကလည်း ကိုယ်ပိုင်ဉာဏ်နဲ့ ကျင့်ကြံကြိုး ကုတ် အားထုတ်လို့ ရတာ မဟုတ်ဘူး၊ ဘုရားဟောထားတဲ့တရား၊ အဲဒါတောင် မလိုက်နာတဲ့ပုဂ္ဂိုလ်တွေ အများကြီးဖြစ်နေတာ။

နောက်တစ်ခုက ကြည့် - ကိုယ်ကိုယ်တိုင်က သေခြင်းသဘော ရှိနေတယ်၊ ဒါကြောင့်မို့ သေခြင်း

http://www.dhammadownload.com



တရားအပေါ်မှာ အပြစ်မြင်တယ်၊ အပြစ်မြင်ပြီးတော့ မသေရာနိဗ္ဗာန်ကို ရှာတယ်၊ ဒါ Noble Quest.

နောက်တစ်ခု ကိုယ်တိုင်က ကိလေသာတွေနဲ့ ပူပန်မှုဖြစ်တတ်တဲ့သဘော ရှိတယ်၊ အဲဒီကိလေသာဆိုတဲ့ ပူပန်မှုတွေ လုံးဝကင်းစင်တဲ့ နိဗ္ဗာန်ကို ရှာမယ်၊ အဲဒီပူပန်မှုတွေအပေါ်မှာ အပြစ်မြင်ပြီးတော့ ကိလေသာနဲ့ ပူပန်ညစ်နွမ်းရမှုဆိုတဲ့ အခြေအနေမျိုးကင်းကွာတဲ့နိဗ္ဗာန်ကို ရှာတယ်လို့ ဆိုတယ်။

အားလုံးဟာ ခြုံကြည့်လိုက်တဲ့အခါကျတော့ problem တွေ ပြဿနာတွေကင်းတဲ့ နိဗ္ဗာန်ကို ရှာတာပဲ၊ အိုခြင်းဆိုတာ မရှိဘူး၊ နာခြင်းဆိုတာ မရှိဘူး၊ သေခြင်းဆိုတာ မရှိဘူး၊ ပူပန်ဆင်းရဲရခြင်း ညစ်နွမ်းရခြင်းဆိုတာ မရှိဘူးတဲ့၊ ဒါတွေမရှိတဲ့နိဗ္ဗာန်ကို ရှာတယ်တဲ့၊ အဲဒါကျမှ Noble Quest **"အရိယပရိယေသန"** လို့ ခေါ်တယ်တဲ့။

အဲဒါဖြင့် ဘုန်းကြီးတို့တစ်တွေ နိဗ္ဗာန်ကို မရှာသေးသမျှ တို့တစ်တွေ ရှာနေတာဟာ နှစ်သက်စရာမကောင်းတဲ့ နိမ့်ကျတဲ့ရှာဖွေမှုထဲမှာပဲ တဝဲလည်

http://www.dhammadownload.com



လည် လုပ်နေကြတယ်၊ မဆုံးနိုင်တဲ့ ရှာဖွေမှုခရီးစဉ်ကြီးထဲမှာ လျှောက်လှမ်းနေကြတယ်လို့ - ဒီလိုပဲ ပြောရမှာပဲ။

**ပရိယေသနသုတ်**

နောက်သုတ္တန်တစ်ခုမှာ မြတ်စွာဘုရားဟောထားတာလေး ရှိသေးတယ်၊ အဲဒီသုတ္တန်မှာ ရှာဖွေခြင်းသုံးရပ်ကို မြတ်စွာဘုရားဟောထားတယ် - ရှာဖွေခြင်းသုံးရပ်မှာ နံပါတ်(၁)က **"ကာမေသနာ"** - ကာမဂုဏ်အာရုံတွေကို ရှာဖွေခြင်း၊ ဒါ ခြုံငုံပြောမယ်ဆိုရင် မျက်စိက မြင်ရပြီးတော့ နှစ်သက်စရာအဆင်းတွေ၊ နားက အသံကြားပြီးတော့ နှစ်သက်စရာအသံတွေ၊ နှာခေါင်းက ရှူလို့ရတဲ့ နှစ်သက်စရာအနံ့တွေ၊ လျှာက အရသာခံလို့ရတဲ့ နှစ်သက်စရာအရသာတွေ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့ရတဲ့ နှစ်သက်စရာအထိအတွေ့တွေ၊ အဲဒါတွေကို ကာမလို့ ခေါ်တာ၊ Sense of pleasure လိုချင်စရာအာရုံတွေ။

http://www.dhammadownload.com



ဘယ်သူ ဘာရှာရှာ အားလုံး ဒီအထဲမှာပဲ ရှာနေတာပဲ၊ နာမည်တွေသာ အမျိုးမျိုးပြောမယ်၊ "မင်း ဘာရှာတာတုန်း"၊ "ကားရှာတယ်"လို့ ပြောချင် ပြောမယ်၊ "အိမ်ရှာတယ်၊ တိုက်ရှာတယ်၊ ပိုက်ဆံရှာတယ်" လို့ ပြောချင် ပြောမယ်၊ ဘာ့ရှာတာတုန်း? အဓိကကတော့ ဟောဒီကာမအာရုံတွေ ရှာနေတာ၊ ဒီလိုပြောရမယ်။

အဲဒီကာမဂုဏ်အာရုံတွေကို ရှာဖွေခြင်းဟာ လူ့လောကမှာ မြန်မာနိုင်ငံတစ်နိုင်ငံသာမက ကမ္ဘာမှာ လူသားတွေရှိသမျှ ရှာနေတာ၊ ဘာရှာလဲ၊ ဒါပဲရှာတယ်၊ အားလုံးဟာ ဒါကို ရှာနေတယ်၊ ဒီရှာဖွေမှုဟာ ဘယ်တော့အဆုံးသတ်မှာတုန်းဆို ဘယ်တော့မှ အဆုံးမသတ်ဘူး။

ဒါဖြင့် ဒီရှာဖွေမှုက ဘယ်တော့မှ အဆုံးသတ်နိုင်သလဲဆို အဆုံးသတ်တဲ့နည်းကို ဗုဒ္ဓဘာသာမှာ ရှာတွေ့နိုင်တယ်၊ ဘယ်မှာ အဆုံးသတ်တုန်းဆို ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်ပြီးတော့ သောတာ-ပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ သောတာ-

http://www.dhammadownload.com



ပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် ရလို့ အနာဂါမ်ဖြစ်သွားပြီဆိုရင်တော့ အဲဒီကာမအာရုံ တွေကို ရှာတဲ့လုပ်ငန်းဟာ အပြီးသတ်သွားပြီ၊ ဘယ် တော့မှ မရှာတော့ဘူး။ အနာဂါမ်ဖြစ်မှ ဒီရှာဖွေခြင်း ဟာ ရပ်တယ်တဲ့၊ သောတာပန်တောင် ရှာတုန်းပဲ။

ဟုတ်တယ်လေ၊ ဝိသာခါ (၇)နှစ်သမီးက သောတာပန် ဖြစ်တာပဲ၊ (၁၆)နှစ်အရွယ် ရောက်တဲ့ အခါကျတော့ "ပုဏ္ဏဝဍ္ဍန" ဆိုတဲ့ သူဌေးသားနဲ့ အိမ်ထောင်ပြုတယ်၊ သူလည်း ကောင်းနိုးရာရာတွေ ရှာတာမှ ဝိသာခါ သားသမီးတွေ မွေးဖွားလိုက်တာ၊ **"ဝိသာခါ ဝီသတိ ပုတ္တာ"** သားသမီး နှစ်ဆယ် တောင်ရှိတယ်၊ ခုခေတ်လိုဆို ရှင်မွေးလွန်းလို့ အခေါ် ခံရမယ်၊ အဲဒီလို ရှာခဲ့တာပဲ၊ သို့သော် အဲဒီကာမ တွေကို ရှာဖွေမှုဟာ သာမန်ပုဂ္ဂိုလ်တွေရဲ့ ကာမ ရှာဖွေမှုနဲ့ လုပ်ရပ်ချင်းတော့ မတူတတ်ဘူးပေါ့။

http://www.dhammadownload.com



## ရှာဖွေမှုချင်း တူသော်လည်း နည်းလမ်းတော့ မတူ

သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ရှာဖွေမှုဟာ တရားတဲ့နည်းနဲ့လည်း ရှာတယ်၊ မတရားတဲ့နည်းနဲ့လည်း ရှာတယ်၊ ခုနကလို အသိဉာဏ်ရှိသွားတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် မတရားတဲ့နည်းကို မသုံးတော့ဘူး၊ တရားတဲ့နည်းနဲ့ပဲ ရှာတယ်၊ ရှာတော့ ရှာသေးတယ်၊ သို့ပေမယ့် အသုံးပြုတဲ့နည်းလမ်းက ကွာသွားပြီပေါ့၊ နောက်ဆုံးမှာ အနာဂါမ်ဖြစ်ပြီဆိုရင် **“ကာမေသနာ”** ကာမကို ရှာဖွေတယ်ဆိုတဲ့အလုပ်ဟာ လုံးဝပြတ်သွားပြီ၊ လိုချင်မှုဆိုတဲ့“တဏှာ”, ကာမနဲ့ပတ်သက်တဲ့ “ကာမရာဂ” ကို လုံးဝဖယ်ရှားပစ်လိုက်နိုင်တယ်၊ ဒါကြောင့်မို့ ပြတ်သွားပြီလို့ ပြောတာ။

နောက်တစ်ခု နံပါတ် (၂)က **“ဘဝေသနာ”** - ဘဝကို ရှာနေတာ၊ ဘဝကို ရှာတယ်ဆိုတာ ခုနက အနာဂါမ်ဖြစ်သွားဦး သူက ဘဝကို ရှာသေးတယ်၊ ဘယ်ဘဝကို ရှာနေတာတုန်းဆိုတော့ သူ့မှာ ကာမဘုံဆိုတဲ့ အောက်သံယောဇဉ် မရှိတော့ဘူး၊ ဘယ်အပေါ်မှာ သူက သံယောဇဉ်ရှိနေတုန်းဆို ဖြဟ္မာ့

http://www.dhammadownload.com



ပြည်ဆိုတဲ့ အထက်သံယောဇဉ် သူ့မှာ ရှိနေသေးတယ်၊ အဲဒီတော့ သူက ဘဝကို ရှာနေသေးတယ်လို့ ပြောရမယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေတော့ မဆိုထားနဲ့၊ အားလုံးဟာ ဘဝကို ရှာနေတာချည်းပဲ။

ဒါကြောင့်မို့ တချို့များ ရှာတယ်လေ၊ "ဒီဘဝက မနေရလို့ သေသွားသောအခါ ဒီကုသိုလ်ကောင်းမှုကြောင့် နောင်ဘဝမှာ"ဆိုပြီးတော့ ဟုတ်လား၊ ရှာတယ်လေ၊ တချို့ ဆုတောင်းထဲမှာ ထည့်တောင် ရှာသေးတယ်၊ သူဌေးတောင် တစ်ယောက်တည်း မဟုတ်ဘူး၊ ရှေးခေတ်ကနာမည်ကြီးတဲ့ စာထဲပေထဲပါတဲ့ သူဌေးကြီးတွေ, တစ်ယောက်တည်း မဟုတ်ဘူး၊ "ဇောတိက၊ ဇဋိလ" အကုန်လုံးပဲ ထည့်လိုက်တာ တစ်ယောက်တည်းနဲ့ အကုန်လုံးဖြစ်ချင်တာနော်၊ အဲဒီတော့ ဘဝကို ရှာနေကြတာ၊ ဒီထက်ကောင်းတဲ့ဘဝ၊ မျှော်လင့်ချက်တွေနဲ့ အဲဒီလို ရှာကြတယ်၊ ဘဝရှာတာ ကြုံကြုံဖန်ဖန်ရှာကြတာ။

တချို့များ သံယောဇဉ် ဘယ်လောက်ကြီးတုန်းဆိုလို့ရှိရင် ရှာပုံရှာနည်းက အမျိုးမျိုးပဲနော်၊ ငှက်ဖြစ်

http://www.dhammadownload.com



ရင်တောင် တစ်ကိုင်းထဲ နားချင်သေးတယ်၊ သူက အဲဒီလောက်ထိအောင် ရှာတာ၊ မျောက်ဖြစ်ရင်လည်း တစ်ကိုင်းတည်းပဲ နေမှာပဲ၊ အဲဒီလို ဘဝကို ရှာမှီးမှုဟာ ဘယ်မှာမှ အဆုံးသတ်တုန်းဆိုလို့ရှိရင် ရဟန္တာဖြစ်မှပဲ အဆုံးသတ်တယ်၊ ကျန်တဲ့သူတွေက တော့ ရှာနေဦးမှာပဲ။

ရှာပုံရှာနည်းချင်းတော့ ကွာသွားပြီ၊ သူတော်ကောင်းဖြစ်လာလို့ရှိရင် မကောင်းတဲ့နည်းနဲ့ မရှာတော့ဘူး၊ ကောင်းတဲ့နည်းနဲ့ပဲ ရှာတယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်သွားပြီဆိုရင် အင်မတန်မှကို တရားတဲ့နည်းသက်သက်နဲ့ပဲ ရှာတယ်၊ ရဟန္တာဖြစ်ပြီဆိုရင် **"ဘဝေသနာ"** ဘဝကို ရှာဖွေခြင်းဟာ လုံးဝအပြီးသတ်သွားတယ်၊ ဒါ လောကလူသားတွေ ရှာနေကြတာ၊ ဒီလိုရှာတယ်။

နောက်တစ်ခုရှာတာ နံပါတ်(၃)က ဘာတုန်းဆိုတော့ **"ဗြဟ္မစရိယေသနာ"** - အကျင့်မြတ်ကို ရှာဖွေခြင်းတဲ့၊ ဒါ ပုထုဇဉ်ပုဂ္ဂိုလ်တွေက သီလ သမာဓိ ပညာ ဆိုတဲ့ သိက္ခာသုံးရပ် အကျင့်မြတ်ကို

http://www.dhammadownload.com



ကျင့်ကြံကြိုးကုတ်အားထုတ်တယ်၊ ကျင့်ကြံနေတာကိုပဲ ရှာတယ်လို့ ပြောတာ။

ဘုရားသာသနာတော်နဲ့ကြုံလို့ သီလအကျင့်ကျင့်တယ်၊ သမာဓိအကျင့် ကျင့်တယ်၊ မြတ်သောအကျင့်တွေ ကျင့်တယ်၊ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ ဒါ ဘာရှာတာတုန်း "ဗြဟ္မစရိယေသနာ" မြတ်သောအကျင့်ကို ရှာနေတာ၊ အဲဒါ ဘယ်ကျမှ အဆုံးသတ်တုန်းဆို ရဟန္တာဖြစ်မှပဲ အဆုံးသတ်ရမှာပဲ၊ ရဟန္တာဖြစ်မှပဲ ပြီးဆုံးတယ်။

ဒီရှာဖွေမှုသုံးမျိုးထဲမယ် "ဗြဟ္မစရိယေသနာ" ဆိုတာတော့ တကယ့်မွန်မြတ်တဲ့ရှာဖွေမှုလို့ ပြောရမယ်၊ ခုနကပြောတဲ့ Noble Quest ကိုယ်က အိုခြင်းသဘောရှိတော့ အိုခြင်းကင်းတဲ့နိဗ္ဗာန်ကို ရှာတယ်၊ ကိုယ်က နာခြင်းသဘောရှိတော့ နာခြင်းကင်းတဲ့နိဗ္ဗာန်ကို ရှာတယ်၊ ကိုယ်က သေခြင်းသဘောရှိတော့ သေခြင်းကင်းတဲ့နိဗ္ဗာန်ကို ရှာတယ်၊ ကိုယ်က ပူပန်ကြောင့်ကြခြင်းသဘောရှိတော့ ပူပန်ကြောင့်ကြမှုမရှိတဲ့နိဗ္ဗာန်ကို ရှာတယ်၊ အဲဒီနိဗ္ဗာန်ရောက်ကြောင်းကို

http://www.dhammadownload.com



ရှာတဲ့ "ဗြဟ္မစရိယေသန" ဟာ အဲဒီအထဲမှာ အကြုံး ဝင်တယ်လို့ ဒီလို ပြောရမယ်၊ အဲဒီတော့ ဒီသုတ္တန် မှာ မြတ်စွာဘုရားက ရှာဖွေခြင်းသုံးရပ်ကို ဒီလို ဟောထားတာ ရှိတယ်။

ကောင်းပြီ - ဘုန်းကြီးတို့တစ်တွေ ရှာသင့်တာ နဲ့ မရှာသင့်တာ၊ ရှာနေကြတာတွေ၊ ရှာတာကို အကြောင်းပြုပြီးတော့ ရလာတာတွေက အိုခြင်း တရားကို ရှာရင် အိုခြင်းတရားပဲ ပြန်ရမှာပဲ၊ နာခြင်း သဘောရှိတဲ့အရာကို ရှာရင် နာခြင်းသဘောရှိတာပဲ ရမယ်၊ သေခြင်းသဘောရှိတာကို ရှာရင် သေခြင်း သဘောရှိတာကိုပဲ ပြန်ရမယ်၊ ပူပန်ဆင်းရဲရတာတွေ ရှာနေရင် ပူပန်ဆင်းရဲမှုပဲ ပြန်ရမယ်၊ ရှာဖွေခြင်းနဲ့ ရရှိခြင်းက ကိုယ်ရှာတာ ကိုယ်ရမယ်ပေါ့၊ ဒါ ဆိုလို တာပေါ့၊ နိဗ္ဗာန်ရှာမှ နိဗ္ဗာန်ရမယ်ပေါ့။

## ကိုယ့်ကိုယ်ကို ရှာခြင်း

ဒါနဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာလေး တစ်ခု၊ တကယ့်အဖြစ်အပျက်လေးတစ်ခု၊ အားလုံး

http://www.dhammadownload.com



သိတဲ့အတိုင်း မြတ်စွာဘုရား ကဆုန်လပြည့်မှာ ဘုရားဖြစ်တယ်၊ နယုန်လပြည့်မှာ တစ်လပြည့်တယ်၊ ဝါဆိုလပြည့်ကျတော့ နှစ်လပြည့်တာယ်၊ အဲဒီဘုရားဖြစ်ပြီး နှစ်လပြည့်တဲ့အချိန်မှာ **ဓမ္မစကြာတရား** ဟောတယ်၊ ဓမ္မစကြာတရားဟောပြီး နောက် (၅) ရက်ကြာတော့ **အနတ္တလက္ခဏာသုတ်**ကို ဟောတယ်။

အဲဒီလိုနေပြီး မြတ်စွာဘုရားဟာ ပထမဝါကို **ဣသိပတန**မှာ ဝါဆိုတယ်၊ အဲဒီဣသိပတနမှာ ဝါဆိုလို့ ဝါကျွတ်ပြီးတဲ့အခါ ဘုရားက ခရီးထွက်တယ်၊ ဘယ်ဘက်ကို ပြန်လာသလဲဆိုလို့ရှိရင် သူကိုယ်တိုင် (၆)နှစ်ပတ်လုံး သီတင်းသုံးနေထိုင်ခဲ့တဲ့ **ဉရုဝေလ တော**ဘက်ကို ပြန်လာတယ်၊ ဓမ္မစကြာတရားဟောတာက ဣသိပတနကို သွားဟောတယ်၊ ဗာရာဏသီကို သွားဟောတယ်၊ ဗာရာဏသီကနေ ဗုဒ္ဓဂယာဘက်ကို မြတ်စွာဘုရား ပြန်လာတယ်၊ ပြန်လာတော့ လမ်းမှာ တောအုပ်ကြီးတစ်ခု ရှိတယ်။

အဲဒီတောအုပ်ထဲ ရောက်ပြီး သစ်ပင်တစ်ပင် အောက်မှာ နားနေတုန်းအချိန် လူတစ်စုရောက်လာ

http://www.dhammadownload.com



တယ်၊ (၃၀)လောက်ရှိတယ်၊ အရေးတကြီး၊ အဲဒီလူ (၃၀)ဟာ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ဘာမေးတုန်းဆိုတော့ "အရှင်ဘုရား - အမျိုးသမီး တစ်ယောက်သွားတာ မမြင်ဘူးလား" လို့ မေးတယ်၊ တောထဲမှာ အမျိုးသမီးတစ်ယောက်ကို သူတို့လိုက် ရှာနေတာ၊ **"အပိ ဘန္တေ ဘဂဝါ ဧကံ ဣတ္ထိံ ပဿထ"** "အရှင်ဘုရား - အမျိုးသမီးတစ်ယောက် မတွေ့လိုက်ဖူးလား"။

ဘုရားက သစ်ပင်အောက် ထိုင်နေတာကို ဝင် မေးတာ၊ မေးတော့ မြတ်စွာဘုရားက သူတို့ကို ပြန် မေးလိုက်တယ်၊ "မင်းတို့အမျိုးသမီးက ဘာလုပ်ဖို့လဲ" "ဘာလုပ်ဖို့ ရှာတာတုန်း"။

သူတို့ပြဿနာက ဘာတုန်းဆိုတော့ သူတို့က မဟာကောသလမင်းရဲ့သားတွေ၊ ဘုရင်တွေဆိုတာ ကလည်း မိဖုရားပေါတယ်ပေါ့၊ မိဖုရားပေါတော့ ညီအစ်ကိုတွေက အများကြီး၊ မြန်မာပြည်က မင်းတုန်းမင်းကြီးတောင် မိဖုရား(၅၀) ရှိတယ်၊ သား သမီးက (၁၀၀)ကျော်တယ်တဲ့၊ အဲဒီမဟာကောသလ

http://www.dhammadownload.com



မင်းကြီးက သားသမီးတွေအများကြီးထဲမယ်“ပသေနဒီ” တစ်ယောက်ပဲ သူက မင်းမြောက်တာကိုး၊ မိဖုရား ခေါင်ကြီးက မွေးတဲ့သားပဲ မင်းဖြစ်တာ။

မဟာကောသလမင်းကြီးရဲ့ ကျန်တဲ့သားတွေ ဟာ (၃၀)လောက် ရှိတယ်၊ ဒါ အကုန်လုံး မဟုတ် လောက်ဘူး၊ “ဇေတ”ဆိုတာလည်း သူ့သား ဖြစ်ချင် ဖြစ်မယ်၊ သို့မဟုတ် သူနဲ့ ညီအစ်ကိုဖြစ်ချင်လည်း ဖြစ်မယ်ပေါ့၊ အဲဒီမှာ သူနဲ့ညီအစ်ကိုဝမ်းကွဲ ဖအေတူ မအေကွဲတွေပေါ့၊ အဲဒီ လူ(၃၀)၊ သူတို့က အုပ်စုဖွဲ့ ပြီး နေတာ၊ “ဘဒ္ဒဝဂ္ဂိယ”လို့ ခေါ်တယ်၊ “ဘဒ္ဒဝဂ္ဂိယ” သူတို့က Association လေး လုပ်ထားတယ် ထင် ပါရဲ့၊ အသင်းအဖွဲ့လုပ်ထားတယ်၊ သူတို့စီးပွားရှာ ကြတယ်၊ လွတ်လွတ်လပ်လပ်နေကြတယ်၊ တော ထဲမှာ သွားကြလာကြတယ်ပေါ့။

ဘုရင်ရဲ့သားတွေပဲ၊ ဒါပေမယ့် တိုင်းပြည် အုပ်ချုပ်တဲ့အထဲ သူတို့မပါဘူး၊ ရာထူးထဲမှာ သူတို့ မပါဘဲနဲ့ သူတို့က လွတ်လွတ်နေတယ်၊ အဲဒီမှာ မင်းသားသုံးကျိပ်ထဲက (၂၉)ယောက်က အိမ်ထောင်

http://www.dhammadownload.com



ရှိတယ်၊ အမျိုးသမီးတွေပါ ပါတယ်၊ တစ်ယောက်က အမျိုးသမီးမရှိဘူး၊ အိမ်ထောင်မကျသေးဘူး၊ အဲဒီလူ အတွက် အငှားအမျိုးသမီးတစ်ယောက် ခေါ်လာတယ် ဆိုပါစို့၊ အငှားအမျိုးသမီး ခေါ်လာပြီးတော့ တောထဲမှာ သူတို့ ချက်ပြုတ်စားသောက်ပြီး ပျော်သလို နေကြတာပေါ့။

အဲဒီအချိန်မှာ သူတို့ငှားထားတဲ့ အမျိုးသမီးက လက်ဝတ်ရတနာတွေ ယူပြီးတော့ လစ်သွားတယ်၊ အဲဒါ လိုက်ရှာတာ၊ ဘုရားနဲ့တွေ့တဲ့ အခါကျတော့ သူတို့အဲဒီအကြောင်းကို လျှောက်တာပေါ့၊ မတွေ့ဘူးလားဆိုပြီး လျှောက်တာပေါ့၊ မြတ်စွာဘုရားက ဘာလို့ ရှာတာတုန်းဆိုတော့ ဒီအကြောင်းပဲ သူတို့ ပြောတယ်။

အဲဒီမှာ မြတ်စွာဘုရားက သူတို့ကို ပြောလိုက်တယ်၊ "အေး ငါပြောမယ်၊ မင်းတို့ ဘယ်လိုထင်လဲ၊ မင်းတို့အဖို့ ရှာဖွေခြင်းနှစ်ခုကို ငါပြောမယ်၊ မင်းတို့ အမျိုးသမီးတစ်ယောက်ကို လိုက်ရှာနေတာရယ်၊ မင်းတို့ ကိုယ့်ကိုယ်ကို ရှာတာရယ် - ဒီနှစ်ခု ဘယ်

http://www.dhammadownload.com



ဟာ ကောင်းတုန်း"၊ စဉ်းစားစရာလေးကို ပြောလိုက်တာ၊ မြတ်စွာဘုရားက "အမျိုးသမီးကို လိုက်ရှာတာရယ်, ကိုယ့်ကိုယ်ကို ရှာတာရယ်၊ ဒီနှစ်ခုမှာ ဘယ်ဟာ ကောင်းတုန်း" လို့ မေးတယ်၊ စဉ်းစားကြည့်လိုက်တော့ ဒါဟာ ရိုးရိုးစကား မဟုတ်တော့ဘူးလေ၊ Philosophy ပဲ၊ "ကိုယ့်ကိုယ်ကို ရှာတာနဲ့ အမျိုးသမီးရှာတာ မင်းတို့ ဘယ်ဟာကကောင်းတုန်း" ဆိုတော့ -

သူတို့အဖြေက "အရှင်ဘုရား ကိုယ့်ကိုယ်ကို ရှာတာ ကောင်းပါတယ်၊ သူများကို ရှာတာထက် ကိုယ့်ကိုယ်ကိုရှာတာ ကောင်းပါတယ်"လို့ ဒီလို ဖြေကြတယ်၊ သာမန်ပုဂ္ဂိုလ်ဆိုရင်တော့ ဒီအချက်ကို စဉ်းစားမိမှာ မဟုတ်ဘူးပေါ့၊ သို့သော်လည်း သူတို့က ဒါ ရိုးရိုးမေးတဲ့စကား မဟုတ်ဘူး၊ အင်မတန် အဓိပ္ပါယ်ရှိတဲ့စကား၊ "အမျိုးသမီးရှာတာနဲ့ ကိုယ့်ကိုယ်ကို ရှာတာ"။

လောကလူတွေက ကိုယ့်ကိုယ်ကိုတော့ တွေ့နေတာ၊ ရှာစရာ မလိုဘူးလို့ ထင်နေတယ်၊ မဟုတ်

http://www.dhammadownload.com



ဘူး၊ ပျောက်နေတာက ကိုယ်ပဲ၊ ကိုယ်ပျောက်နေလို့ ကိုယ့်ကိုယ်ကို ရှာမှ မတွေ့တာလေ၊ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုမေးလိုက်တာ။

မေးလိုက်တဲ့အခါကျတော့ သူတို့စဉ်းစားမိသွားတယ်၊ စဉ်းစားမိတော့ "အရှင်ဘုရား"တဲ့၊ "ကိုယ့်ကိုယ်ကို ရှာတာ အမြတ်ဆုံးပါ" တဲ့။

**သတိထားဖွယ်**

အဲဒီမှာ မြတ်စွာဘုရားသုံးတဲ့စကားလုံးက "**ယံ ဝေါ အတ္တာနံ ဂဝေသေယျာထ**"၊ အဲဒီနေရာမှာ အနောက်တိုင်းက ဘာသာပြန်တဲ့ပုဂ္ဂိုလ်တွေက "မိမိကိုယ်ကို" ဆိုတဲ့ စကားလုံးကို မသုံးဘဲနဲ့ သူတို့က ဘာသွားသုံးတုန်းဆို အမျိုးသမီးကို ရှာတာနဲ့ "အတ္တ" ကို ရှာတာ ဘယ်ဟာ မြတ်သလဲဆိုပြီးတော့ သူတို့ ဆိုလိုချင်တဲ့ "အတ္တဝါဒ"ကို ဆွဲယူပြီးတော့ ဘာသာပြန်တယ်။

ကြည့် - မြတ်စွာဘုရားဟာ "အနတ္တသမား" မဟုတ်ဘူး၊ "အတ္တသမား" ဆိုပြီးတော့ ဒီလို ပြော

http://www.dhammadownload.com



တယ်၊ ဘာသာပြန်ပြီးတော့ ဘုရားက “အတ္တ”ကို ရှာ ခိုင်းတယ်ဆိုပြီးတော့ လုပ်တယ်၊ ဒါကတော့ မဟုတ် မဟပ်ပြောတဲ့စကားပါ၊ ဒါလည်း သတိထားစရာပေါ့ နော်၊ စကားလုံးတူတိုင်း အဓိပ္ပါယ်တူတာမှ မဟုတ် တာ။

မြတ်စွာဘုရား အနတ္တလက္ခဏာသုတ် ဟော လာတာပဲ၊ ဘယ်မှာ “အတ္တ” ကို ရှာခိုင်းပါ့မလဲ၊ ကိုယ့်ကိုယ်ကို ရှာခိုင်းတာပါ၊ ဒါက Philosophy နဲ့ ပတ်သက်တဲ့ စကားလုံးတစ်ခုပဲလေ။

“အေး မင်းတို့ အမျိုးသမီးရှာမှာလား၊ ကိုယ့် ကိုယ်ကို ရှာမှာလား” ဆိုတော့ သူတို့တွေက သဘော ပေါက်သွားတယ်၊ သဘောပေါက်သွားလို့ “တပည့် တော်တို့ ကိုယ့်ကိုယ်ကို ရှာတာ ပိုမြတ်ပါတယ် ဘုရား” ဆိုတော့ “အေး အဲဒါဆိုရင် ထိုင်ကြ” “ငါ တရားဟောမယ်” ဆိုပြီး မြတ်စွာဘုရားက တရား ဟောတယ်။

http://www.dhammadownload.com



**အနုပုဗ္ဗိကထာ**

**"အနုပုဗ္ဗိကထာ"** ဆိုတဲ့ ဒါနအကြောင်း ဟောတယ်၊ ဒါနအကြောင်းပြီးတော့ သီလအကြောင်း ဟောတယ်၊ သီလအကြောင်းပြီးတဲ့အခါမှာ နတ်ပြည်ရဲ့အကြောင်းကို ဟောတယ်၊ အဲဒီနောက် ကာမဂုဏ်အာရုံတွေရဲ့အပြစ်ကို ဟောတယ်၊ ထိုကာမဂုဏ်အာရုံတွေက ထွက်မြောက်တဲ့ နေက္ခမ္မတရား၊ ဈာန်မဂ်ဖိုလ်တရားတို့ရဲ့ အကျိုးကျေးဇူးကို ဟောပြတယ်၊ မြတ်စွာဘုရားက အဆင့်ဆင့်ပြောင်းလဲသွားတဲ့ဖြစ်စဉ်လေးတစ်ခုကို ဟောတာ။

ကြည့်လေ - **ဒါနကထာ** ဒါနအကြောင်း ဟောတယ်ဆိုရင် ဒါနလုပ်လို့ရှိရင် ဖြစ်လေရာဘဝမှာ ချမ်းသာတယ်၊ လိုလေသေးမရှိအောင် စည်းစိမ်တွေ ပြည့်စုံနိုင်တယ်လို့ ဒါနအကြောင်း ဟောတယ်၊ အေး ဒါနတွေရှိလို့ စည်းစိမ်ဥစ္စာ ပြည့်စုံပေမယ့် မလုံလောက်သေးဘူး၊ ပိုက်ဆံတွေတော့ ချမ်းသာပါရဲ့ လူက မကျန်းမာဘူးဆို ခံစားရမှာ မဟုတ်ဘူး၊ ဒါကြောင့်မို့ သီလလေးလည်း လုံခြုံဖို့ ကောင်းတယ်၊

http://www.dhammadownload.com



သီလလုံခြုံလို့ရှိရင် နတ်ပြည်ဆိုတာ အလွယ်လေးပဲ ဆိုပြီးတော့ **သီလကထာကို** ဟောတယ်၊ နတ်ပြည် ဆိုတာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ပြောပြ တယ်။

ပြီးတဲ့အခါ ဒါတွေအားလုံးဟာ အလကားတွေ ပါ၊ ဘယ်လောက် ချမ်းသာချမ်းသာ ကာမဂုဏ်အာရုံ တွေဟာ အိပ်မက်တွေပဲ၊ အချိန်မတန်ခင် မနိုးခင်လေး ပဲ ကောင်းတာ၊ နိုးသွားရင် အကုန်သွားရော၊ မရှိတော့ ဘူး၊ လူတိုင်းလူတိုင်း အိပ်မက် မက်ဖူးတာပဲလေ၊ အကောင်းမက်နေတဲ့သူက နိုးမှာ ကြောက်နေတယ်၊ နိုးသွားတာနဲ့ တစ်ပြိုင်နက် ဘာမှ မရှိဘူး၊ အဲဒီတော့ ဒါတွေဟာ အိပ်မက်တွေပဲ၊ ကာမဂုဏ်အာရုံဆိုတာ အိပ်မက်လိုပဲ၊ အင်မတန်တိုတောင်းတယ်လို့- ကာမ ဂုဏ်အာရုံတွေရဲ့အပြစ်ကို ဟောပြပြီး နောက်ဆုံး အဲဒါတွေကို ပယ်နိုင်မှ ထာဝရငြိမ်းချမ်းတဲ့ ချမ်းသာ သုခကို ရနိုင်မယ်ဆိုတဲ့ ဒီဖြစ်စဉ်လေးတစ်ခုကို မြတ်စွာဘုရားက တစ်ခုပြီး တစ်ခု ဟောသွားတယ်။

http://www.dhammadownload.com



သူတို့စိတ်ကလေးတွေက အားတက်သရော ဖြစ်လာတယ်၊ မြတ်စွာဘုရားဟောတဲ့တရားအပေါ် မှာ စိတ်တွေတက်ကြွလာတယ်၊ အညစ်အကြေးတွေ ကင်းလာတယ်၊ နာခံနိုင်တဲ့အနေအထားတွေ ရှိလာ တယ်။

ဘာနဲ့ ဥပမာတူတုန်းဆို အဝတ်ကလေးတစ်ခု အရောင်ဆိုးတော့မယ် ဆိုလို့ရှိရင် အညစ်အကြေး တွေကင်းအောင် အရင်ဖွပ်လိုက်တယ်၊ ဖွပ်ပြီးတော့ မှ ကိုယ်ကြိုက်တဲ့အရောင်ကိုဆိုးရင် တောက်ပတဲ့ အရောင် ရတယ်၊ မည်းညစ်နေတဲ့ အဝတ်တစ်ခုကို အညစ်အကြေးကို မရှင်းဘဲနဲ့ ကောက်ပြီးတော့ ဆိုး လိုက်မယ်ဆိုလို့ရှိရင် ဒီအဝတ်က ရလာတဲ့အရောင် ကလည်း ဖြူစင်မှာ မဟုတ်ဘူးပေါ့၊ တောက်ပမှာ မဟုတ်ဘူး။

အဲဒီလိုပဲ သူတို့ရဲ့စိတ်ဓာတ်လေးတွေ ဖြူစင် သွားအောင် မြတ်စွာဘုရားက မှတ်လွယ်တဲ့တရား တွေ အရင်ဟောပြီး စိတ်ကို ဖြူစင်အောင် လေ့ကျင့် ပေးလိုက်ပြီးတဲ့အခါ သူတို့စိတ်တွေ ကြံ့ခိုင်လာပြီ

http://www.dhammadownload.com



ဆိုတော့မှ သစ္စာလေးပါးအမြင့်တရားကို ဟောလိုက်တယ်။

"ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိရောဓ" ဆိုတာကို ဟောလိုက်တဲ့အခါ ဘွားကနဲ သူတို့အသိဉာဏ်တွေ စမ္မစက္ခုတွေ တရားနဲ့ပတ်သက်တဲ့မျက်စိတွေ ရရှိသွားပြီး တရားကို မြင်လာကြတယ်၊ မြတ်စွာဘုရားကို တောင်းပန်ကြတယ်၊ "တပည့်တော်တို့ သင်္ကန်းဝတ်ပါရစေဘုရား"၊ ဟိုအမျိုးသမီးရှာတဲ့ကိစ္စ မေ့သွားပြီနော်၊ "ကာမေသနာ" ဆိုတာကို ရပ်လိုက်ပြီ၊ ရပ်ပြီးတဲ့အခါမှာ "ဗြဟ္မစရိယေသန" ဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်မယ်လို့ ရဟန်းအဖြစ်ကို တောင်းဆိုကြလို့ မြတ်စွာဘုရားက ရဟန်းခံပေးလိုက်တယ်။

ရဟန်းဖြစ်တော့လည်း သူတို့ညီအစ်ကို(၃၀)ဟာ အတူတူနေကြတယ်၊ ဘယ်သွားနေတုန်းဆို ပါဝါပြည်ကို သွားနေကြတယ်၊ သူတို့ကို နောက်ပိုင်းကျတော့ "ပါဝေယျက"ရဟန်း(၃၀)လို့ ခေါ်တယ်၊ "ကထိန်"ဆိုတာ သူတို့ကို အကြောင်းပြုပြီး ခွင့်ပြုပေးတာနော်။

http://www.dhammadownload.com



နောက်ဆုံး သူတို့ဟာ မြတ်စွာဘုရားနဲ့ ဘယ်မှာ ထပ်တွေ့တုန်းဆိုတော့ အဲဒီပါဝေယျကရဟန်းတွေဟာ ပါဝါပြည်ကနေ မြတ်စွာဘုရားဆီ လာကြတယ်၊ သူတို့ သာဝတ္ထိပြည် မြတ်စွာဘုရားဆီ လာတဲ့အခါမှ ကထိန်နဲ့ပတ်သက်ပြီးတော့ သူတို့ကို ခွင့်ပြုတယ်၊ ပြီးတော့ မြတ်စွာဘုရားက **အနမတဂ္ဂသုတ်**ကို ဟောပေးတယ်။

"**အနမတဂ္ဂ**"ဆိုတာ သံသရာဟာ အလွန်ရှည်တယ်ပေါ့၊ မသိနိုင်တဲ့အစ ရှိတယ်၊ အဲဒီလောက် ရှည်နေတဲ့သံသရာထဲမှာ ဒုက္ခတွေဆိုတာ ခံစားခဲ့ဖူးပြီ၊ ဒါကြောင့်မို့ သံသရာကြီးကနေ ငြီးငွေ့ဖို့ ကောင်းလှပြီဆိုတဲ့ "အနမတဂ္ဂ" ဆိုတဲ့ဒေသနာကို သူတို့ကို ဟောတာ၊ သူတို့ရဲ့ဝိပဿနာဉာဏ်စွမ်းအားတွေကို တိုးမြှင့်ပေးဖို့ ဘုရားက ဟောတာ။

ဒါကြောင့်မို့လို့ တရားအားထုတ်တယ်ဆိုတာ ဒီအတိုင်းချည်းပဲ မှိတ်ပြီးတော့ ဒါတွေပဲ ရှုတာချည်း လုပ်နေလို့ မရဘူး၊ စိတ်ကို ပြင်ပေးရသေးတယ်၊ သံသရာက ငြီးငွေ့တဲ့စိတ်တွေကို အများကြီးလုပ်ပေး

http://www.dhammadownload.com



ရတယ်၊ တွန်းပေးရတယ်၊ ဆင်ခြင်ရတယ်၊ သုံးသပ်ရတယ်၊ အဲဒီလို မဟုတ်ဘဲနဲ့ တရားထိုင် ဟိုစဉ်းစား ဒီစဉ်းစား၊ သမာဓိလေး နည်းနည်းပါးပါး ရလာတဲ့အခါ အဟုတ်ကြီးထင်၊ အဲဒီလိုတွေ ဖြစ်ပြီးတော့ ဘာတွေဝင်လာတုန်းဆို မာန်မာနတွေ ဝင်လာတယ်၊ "ငါက တရားသိတယ်၊ ကျန်တဲ့သူတွေ တရားမသိဘူး" လို့ ဖြစ်လာတယ်၊ အဲဒီလိုတွေ ဖြစ်တတ်တယ်၊ မဟုတ်ဘူး ဆင်ခြင်ပေးရတယ်၊ ဝိပဿနာဉာဏ် ရင့်သန်လာအောင် တရားဆိုတာ အလွတ်လည်း ဆင်ခြင်ပေးရတယ်။

ကြည့်လေ **အနမတဂ္ဂသုတ်ဆိုတာ** သူတို့ရဲ့ ဝိပဿနာစွမ်းအားတွေ ရင့်သန်လာအောင် ဆင်ခြင်ပေးတာ၊ "သံသရာဆိုတာ ကြာလှပြီ၊ ဒီလောက်ကြာတဲ့ သံသရာကြီး တို့ငြီးငွေ့ထိုက်ပြီ"၊ ဘုရားက ဟောတယ်၊ သူတို့ကို "မင်းတို့မှာ သံသရာကြီးကို ပြန်ကြည့်လိုက်၊ ဒီပြင်ဟာ မကြည့်နဲ့ ခေါင်းအဖြတ်ခံရလို့ သေရတဲ့ဘဝတွေကိုပဲ ကြည့် - ဇက်ပြတ်လို့ ခန္ဓာကိုယ်က ထွက်လာတဲ့ သွေးတွေဟာ ပင်လယ်

http://www.dhammadownload.com



သမုဒ္ဒရာထက် များသေးတယ်”တဲ့၊ “တစ်ဘဝတင် မဟုတ်ဘူး၊ ဇက်ပြတ်ပြီးတော့ သေခဲ့ရလို့ ထွက်ခဲ့ရတဲ့သွေးတွေဟာ ပင်လယ်ထဲကရေထက် များတယ်ဆိုတာကို မင်းတို့ တွေးကြည့်ဆင်ခြင်ကြည့်” တဲ့၊ ရဟန်းတွေကို မေးတယ်၊ “ဘယ်ဟာက များမယ်ထင်တုန်း” လို့၊ “အရှင်ဘုရား”တဲ့၊ “အရှင်ဘုရားဟောတဲ့တရားတွေကို တပည့်တော်တို့ သဘောပေါက်ပါတယ်၊ သံသရာဆိုတာ အလွန်ကြာနေပြီဖြစ်တော့ ဇက်ပြတ်လို့ သေတဲ့ဘဝတွေက ထွက်လာတဲ့သွေးတွေကို အကယ်၍ စုဆောင်းထားမယ်ဆိုရင် ပင်လယ်ရေထက် များပါသေးတယ်” လို့ ဒီလိုပြောတယ်၊ ဒီလိုဝန်ခံကြတယ်။

ဒါ သူတို့နဲ့တင် ဆိုင်တာ မဟုတ်ဘူး၊ ဘုန်းကြီးတို့တစ်တွေနဲ့လည်း ဆိုင်တယ်နော်၊ သံသရာဆိုတာ ကြာလှပြီ၊ ကြာလှသည့်အတွက်ကြောင့် ဒီပြင်နည်းနဲ့သေတာ မဟုတ်ဘူး၊ ဇက်အဖြတ်ခံရလို့ သေဆုံးခြင်းကြောင့် ထွက်လာတဲ့သွေးတွေဟာ ပင်လယ်ထက်မက များနေတယ်လို့ မြတ်စွာဘုရားက ရှင်းပြတယ်၊

http://www.dhammadownload.com



အေး နွားဖြစ်တုန်းက ဇက်ကို အလှီးခံရလို့ ထွက်တဲ့ သွေးတွေ ပင်လယ်ရေထက် များတယ်၊ ဆိတ်ဖြစ်တုန်းက လည်လှီးခံခဲ့ရတဲ့သွေးတွေ၊ သိုးဖြစ်တုန်းက လည်လှီးခံခဲ့ရတဲ့သွေးတွေ၊ ကြက်ဖြစ်တုန်းက လည်လှီးသတ်ဖြတ်ခံခဲ့ရတဲ့သွေးတွေ၊ ဝက်ဖြစ်တုန်းက လည်လှီးခံသတ်ဖြတ်ခံရတဲ့သွေးတွေ၊ အဲဒီသွေးတွေဟာ သမုဒ္ဒရာကြီးတစ်ခုထဲက ရေထက်တောင် များသေးတယ်တဲ့၊ ဒါကြောင့်မို့ သံသရာဆိုတာ ငြီးငွေ့သင့်ပြီလို့ - **အနမတဂ္ဂဒေသနာ**မှာ မြတ်စွာဘုရားက ဒီလိုဟောလိုက်တယ်။

ဟောလိုက်ပြီး **"အလ မေဝ နိဗ္ဗိန္ဒိတုံ အလံ ဝိရဇ္ဇိတုံ"**သင်္ခါရတွေပေါ်မှာ ငြီးငွေ့ဖို့ တပ်မက်ခြင်းကင်းဖို့ နောက်ဆုံးမှာ ဒီသင်္ခါရတွေက လွတ်အောင်လုပ်ဖို့ အချိန်တန်ပြီလို့ သူတို့ရဲ့ ဝိပဿနာဉာဏ်ကို ရင့်သန်လာအောင် စဉ်းစားခိုင်းတာ။

အဲဒီလို စဉ်းစားခိုင်းတဲ့ အနမတဂ္ဂဒေသနာကို နာရင်းနာရင်းနဲ့ လက်တွေ့လည်း သူတို့စဉ်းစားတယ်၊ ဘုရားက စဉ်းစားခိုင်းတဲ့အချိန်မှာ သူတို့စဉ်းစားတာ

http://www.dhammadownload.com



ပဲ၊ တရားနာရင်း စဉ်းစားဆင်ခြင်လိုက်တယ်၊ "ဟုတ်တယ်၊ ဒုက္ခတွေ ခံခဲ့ရတာ များလှပြီ၊ ဘဝပေါင်းက မရေမတွက်နိုင်အောင်ဆိုတော့ ဒီဒုက္ခတွေကလည်း မရေမတွက်နိုင်ဘူး၊ တို့တစ်တွေ ငြီးငွေ့သင့်ပြီ"ဆိုတာကို ဆင်ခြင်စဉ်းစားရင်း စဉ်းစားရင်းနဲ့ ဝိပဿနာဉာဏ်စွမ်းအားတွေ အရှိန်တက်လာပြီး နောက်ဆုံးမှာ သူတို့ဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်ရှိလို့ သွားကြတယ်။

ဒီသုတ္တန်လည်း ဆုံးရော အဲဒီပါဝေယျကရဟန်းတွေ(ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ဟာ ကိုယ့်ကိုယ်ကို ရှာတာ မြတ်ပါတယ်လို့ အမြင်မှန်ရလာတဲ့အချိန်ကစပြီး ရှာလိုက်တာ အနမတဂ္ဂသုတ္တန်ကို ကြားနာပြီးတဲ့အဆုံးမှာ) အားလုံးရဟန္တာ ဖြစ်သွားကြတယ်တဲ့၊ အဲဒီမှာ ရှာဖွေခြင်းအားလုံးဟာ ပြီးဆုံးသွားတယ်။

သူတို့ရလိုက်တာ ဘာလဲဆိုရင် - တဏှာတွေအားလုံးကို ကုန်ဆုံးသွားစေတဲ့၊ ဆင်းရဲဒုက္ခတွေအားလုံးကို အပြီးသတ်စေတဲ့၊ ရှာဖွေမှုအားလုံးကို

http://www.dhammadownload.com



အပြီးသတ်သွားစေတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် ဆိုတာကို ရလိုက်တယ်၊ နိဗ္ဗာန်ကို ရလိုက်တယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့ ဘာတွေရှာနေလို့ ဘာတွေ ရကြမလဲ၊ ဘာတွေ ရှာရမလဲဆိုတာ မြတ်စွာဘုရားဟောတဲ့ တရားလမ်းကြောင်းအတိုင်း ကြည့်မယ်ဆိုရင် "တို့ရှာနေတာတွေဟာ Ignoble Quest မမြင့်မြတ်တာတွေ ရှာနေတယ်၊ ဒါတွေပဲ တစ်သက်လုံး ရှာနေလို့ရှိရင်တော့ သံသရာကြီးထဲက လွတ်မှာ မဟုတ်ဘူး၊ မြင့်မြတ်တဲ့ရှာဖွေခြင်းမျိုးနဲ့ တို့တစ်တွေ ရှာမှ ဖြစ်မယ်" လို့ အသိတရား ရရှိပြီးတော့ Noble Quest ဆိုတဲ့ မြင့်မြတ်တဲ့ရှာဖွေမှုကိုသာ ရှာဖွေပြီး နောက်ဆုံး အိုခြင်းကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ ပူပန်မှုအားလုံး ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရရှိကြမှာလို့ ကိုယ်စီကိုယ်ငှ နားလည်ကြပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။